
သျှင်မ
ကိုယ်ပေးခဲ့သမျှ..

# အခန်း(၁)

ပိတောက်တွေ ပွင့်ကြပြန်ပြီ အတွက် ရယ်....။

အိမ်ထောင်ဆိုတဲ့ ကန့်သတ်ခြားနားမှု တစ်ခုရဲ့ နောက်ကို ငါ ရောက်ခဲ့တဲ့ ငါးနှစ်ကျော်ကာလမှာ နင် ကတော့ နိုင်ငံခြားမှာ ပညာတော် သင် ကျောင်းသားကြီးပေါ့နော်။

ပြူတင်းတံခါးဖွင့်လိုက်တာနှင့် သုတ်ခနဲတိုးတဝင်လာသည့် ပိတောက်ရနံ့နှင့် ဝင်းဝါထိန်အောင် တစ်ပင်လုံး လှိုင်လှိုင်ပွင့်နေသည့် ပိတောက်ပင်ကြီးကိုငေးရင်း ရင်ထဲမှာ ဘာတွေ ဖြစ်ခဲ့မှန်းမသိ။

သို ဆိုတဲ့ မိန်းကလေး တစ်ယောက် ဟာ ဟိုတုန်းကတည်းက ကဗျာမဆန်တတ်ခဲ့တာပါ။

လူပုံစံကလည်း ကဗျာမဆန်၊ စကားတွေ လည်း ကာရံမညီတတ်ခဲ့ပေ။ သို့သော် ဒီပိတောက်တွေ ကိုမြင်ရတိုင်း လွမ်းလွမ်းဆွေးဆွေး ဖြစ်သွားတတ်သည့်အခါတိုင်း ရင်ထဲမှာ ကဗျာတွေ က သူ့အလိုလို ဖြစ်လာခဲ့၏

ပိတောက်ကို တစ်ခါမြင်ရတိုင်း တစ်နှစ် ကုန်လွန်ပါရောလား ဆိုသည့် ရိုးတိုးရိပ်တိတ်လေး ဖြတ်ပြေးဝင်လာတတ်သော ကြေကွဲမှု ဟာ သာယာခြင်းကင်းမဲ့စွာ ဖြတ်သန်းကုန်ဆုံးခဲ့ရသော သူမ၏ အိမ်ထောင်သည်တည်းဟူသော ဘဝနှင့် သက်ဆိုင်နေခဲ့သည်လား။

ပြောရမယ်ဆိုရင် `အတွက်´ရယ် နင်ပြောတဲ့ `သူငယ်ချင်းကံကောင်းပါစေ´ဆိုတဲ့ ဆုကို ငါ မရခဲ့ပါဘူး၊ ရင်ထဲမှာ တိုးတိမ်သော မြည် တမ်းခြင်းဖြင့် ရေမြေခြားနေသည့် `အတွက်´ဆိုသော သူငယ်ချင်း တစ်ယောက် ထံ စိတ်တို့က ပြေးလွှားခဲ့သည်။

ငယ်ငယ်တုန်းက သူငယ်ချင်းမဟုတ်သော်လည်း အထက်တန်းကျောင်းမှာ သို ရဲ့ အချစ်ဆုံးသူငယ်ချင်းက အတွက် ပဲ ဖြစ်ခဲ့၏ ။ ဆံပင်ရှည်တွေ တစ်ထွေးကြီးနှင့် ပုံတုံးတုံး ခပ်အေးအေး သို က ရည်စားထားတတ်ပြီး ပြောင်စပ်စပ် ခပ်ရှုပ်ရှုပ်လည်း လုပ်တတ်သည့်

`အတွက်´နှင့် မူ သူငယ်ချင်း ဖြစ်သွားတော့ အနားက သူငယ်ချင်းတစ်ချို့ကလည်း အံ့သြကြသည်။

ထိုအခါ သို မဖြေတတ်ပါ။

သို နဲ့ အတွက် က ငယ်သူငယ်ချင်း မဟုတ်ပေမယ့် သို တို့ရဲ့ မိဘတွေ ကတော့ တကယ့် သူငယ်ချင်း အရင်းကြီးတွေ ဖြစ်နေခဲ့သည်။

သားသမီးတွေ ကြီးပြင်းလာမှ တစ်မြို့တည်းမှာ ပြန်ဆုံခဲ့ရပြီး သို နဲ့ အတွက် ကို မိတ်ဆက်ပေးခဲ့၏ ။ အတန်းတူမှန်းသိတော့ သို တက်နေတဲ့ကျောင်းမှာ ပဲ အတွက် ကို အတူလာတက်စေခဲ့သည်။

သို့ဖြင့် အတွက် နဲ့ သို ခင်ခဲ့ကြတာ ဖြစ်သည်။ အံ့သြလောက်အောင် ရင်းနှီးခဲ့ကြတာ ကတော့ အတွက် က သွက်လွန်းလို့ပါ။

``သို စောင့်နေနော်၊ ကျောင်း အတူတူသွားမယ်´´

ဟု သူပဲပြောပြီး ကျောင်းနဲ့ဝေးတဲ့သူက အိမ်ကနေ အစောကြီး ထွက်လာပြီး သို ကို ဝင်ခေါ်သည်။ သို က သူလာမှ အိမ်ကထွက်ဖို့ မေမေတို့က အမိန့်ချ၏ ။

အတွက်က ခင်ဖို့ကောင်းပါသည်။ ဘယ်သူတွေ ဘယ်လိုပဲ ဝေဖန်ကြပါစေ သို့ အပေါ်မှာ အတွက် က လိမ္မာသည်။

``မိသို နော် ငါ သည်းခံတာ နင် တစ်ယောက် ပဲ ရှိသေးတာ´´ဟု ခဏခဏ ပြောပြီး သို ရဲ့ ကျစ်ဆံမြီးရှည်ကြီးကို ဆွဲခါပစ်တတ်တာလည်း ရှိသည်။

ထို့ကြောင့် သို က ယုံကြည်၍ ခင်မင်သော အတွက် နှင့် အတွက် က သည်းခံပြီး စောင့်ရှောက်သော သို တို့ကို တစ်နေ့နေ့တော့ ချစ်သွားမှာ ပဲဟု အများ စုက ထင်ကြေးပေးခဲ့တာတွေ လည်း ရှိသည်။

တကယ်တမ်း မဟုတ်ခဲ့ပါ။ အတွက် နဲ့ သို့ တို့နှစ် ယောက် ရင်းနှီးမှု တွေ လွန်ကဲခဲ့ကြတာ ဖြစ်ချင် ဖြစ်မည် ။ ချစ်သူတွေ မ ဖြစ်ခဲ့ကြပေ။ အတွက်ကို

သူ့ဦးလေးမိသားစုက နိုင်ငံခြားမှာ ဘွဲ့ယူဖို့ လာခေါ်သွားခဲ့သည်။ ဒီနောက်မှာ တော့ စာတွေ ရေး ၊ အီးမေးလ်ပို့နှင့်ပဲ မတွေ့ ဖြစ်ခဲ့တော့ပေ။

``မိသို ငါ ပြန်လာမှာ နော်၊ နင် ရည်းစားမထားနဲ့´´ဟု မှာ သွားခဲ့ပြီး အီးမေးလ်ပို့တိုင်း ရည်းစားစကားလိုလို၊ သူငယ်ချင်းလိုလို ပြောနေခဲ့သည့် အတွက် ကို သို ကတော့ အပြုံး မပျက် သူငယ်ချင်းအ ဖြစ်နဲ့ပဲ ရှိခဲ့တာပါ။

ရည်းစားစကားပြောခြင်းကို စိတ်မဝင်စားပေမယ့် အတွက် က ပြောတာကျတော့ ရယ်ချင်သည်။ သို မချစ်တတ်သေးတာပဲ ဖြစ်ပါလိမ့်မည် ။ ထို့အတူ အတွက် က ကိုယ့်ကို ချစ်နေသည်ဟုလည်း ဘယ်တုန်းကမှ မထင်ခဲ့ပေ။

ဒီလိုပဲ ပြောင်ချော်ချော်တွေ ပြောပြီး အတွက် က စ,နေကျပါ။

အိမ်ထောင်သည်ဆိုသည့် ဘဝထဲကို ဝင်လာခဲ့ရတော့လည်း သျှောင်နောက် ဆံထုံးပါစကားအတိုင်း သူ့နောက်ကို သို လိုက်ခဲ့ရသည်။

``အတွက် ဆီက စာလာရင် သို အိမ်ထောင်ကျသွားပြီ၊ သူ့ယောက်ျားနဲ့ ရန်ကုန်ပါသွားပြီလို့ပဲ ပြောလိုက်ပါ မေမေ၊ သို့ လိပ်စာ မပေးနဲ့နော်၊ ယောက်ျားလေး သူငယ်ချင်းဆိုတော့ တော် ကြာ ပြောစရာ ဖြစ်မှာ စိုးလို့´´

မေမေ့ကို သို ဒီတိုင်းမှာ ခဲ့သည်။ ခုတော့ နှစ် တွေ လည်း ကြာခဲ့ပါပြီ၊ သို ကြားနေရတာ ကတော့ အတွက် က နှလုံးခွဲစိတ်အထူးကုဆရာဝန်ကြီး ဖြစ်နေပြီ တဲ့။

``အတွက် မန္တလေးကို တစ်ခေါက်ပြန်လာသေးတယ်၊ ရောက်ပြန်ပဲ သမီးရယ်၊ သမီးရဲ့ လိပ်စာ မေးနေလို့ မေမေ ဘယ်လိုဖြေရမှန်းတောင် မသိဘူး၊ နောက်တော့ ပြောလိုက်တယ်၊ သားသူငယ်ချင်းက သားထက် အရင် သူ အိမ်ထောင်ကျခဲ့တာကို ရှက်လို့ထင်တယ် လိပ်စာ လုံးဝ မပေးရဘူး မှာ ထားတယ်ပေါ့။ ဆရာဝန်ကြီးသာ ဖြစ်တာ ဟိုတုန်းကလိုပဲကွယ်၊ ပြောတာဆိုတာ၊ သွားတာလာတာ ဘာမှကို မပြောင်းလဲဘူး။ သမီးကိုတော့ မကျေနပ်ဘူးတဲ့၊ အဲဒါ ပြော ဖြစ်အောင် ပြောပေးပါလို့ မှာ သွားလေရဲ့ ´´

အတိတ်က အကြောင်းတွေ ကို ပြန်တွေးမိတိုင်း ပြုံး မိခဲ့သည်ပဲ များ ပါသည်။ အားလုံးက သာယာချမ်းမြေ့မှု တွေ ချည်းပဲ ဖြစ်၏ ။

အထူးသဖြင့် အတွက် ဆိုသော သူငယ်ချင်း တစ်ယောက် ကို ဘယ်အချိန်သတိရရ မတွေ့ကြတာ နှစ် တွေ ဘယ်လောက်ပဲကြာကြာ သတိရတိုင်း လွမ်းသည်။

ဖြူဖြူစင်စင်ဘဝလေးတွေ ကို တမ်းတမိ၏ ။ ကိုယ့်ဘဝ ကတော့ မသာယာတော့တာ သေချာတဲ့အကြောင်းလည်း ပြောပြချင်သည်။

ပြီးတော့ ပြောမိဦးမှာ ပါ။

``နင် အိမ်ထောင်မပြုပါနဲ့ အတွက်ရယ်၊ အိမ်ထောင်ဆိုတဲ့ စကားနှစ် ခွန်းဟာ ဘဝဆိုတဲ့ စာနှစ် လုံးထက် ပိုပြီး ကျဉ်းကျပ်လေးနက်တယ်လို့ ငါ ထင်တယ်။ စိတ်ညစ်ဖို့ပဲ ကောင်းတာ၊ နင် အိမ်ထောင်ပြုရင် ပျော်မှာ မဟုတ်ဘူး´´

ဒီလိုပြောရင် အတွက် က လက်ခံမှာ တော့ မဟုတ်ပေ။ ဟိုတုန်းကတည်းက သို ဘာပြောပြော အတွက် က ဟားရယ်တတ်တဲ့ဘက်က နေသည်။

``ငတုံး´´

ဆိုသည့် နာမည် က အတွက် က သို့ အတွက် သီးသန့်ပေးခဲ့တဲ့ နာမည် ။ အိမ်ထောင်ရေး ဟာ ဒါကြောင့် ဒီလိုကြီးပါလို့ သို က ပြောလျှင် `နင်က ငတုံးကိုး´လို့ အတွက် ကဲ့ရဲ့ နိုင်၏ ။

ဒါလည်း မှန်ပါသည်။ သို့ မှာ နောက်ထပ် နာမည် ရထားတာ ရှိသေးသည်။

`မင်း တော် တော် ကြောင်တဲ့ မိန်းမ´တဲ့။

`ငတုံး´ဆိုတာနဲ့ ´ကြောင်´တာ သိပ်တော့ မကွာဘူးထင်သည်။

သို ပင့်သက်လေးရှိုက်၍ ကိုယ့်ပုံစံကို အမှတ်တမဲ့ ပြန်ငုံ့ကြည့်မိ၏ ။ ထဘီနဲ့ အင်္ကျီရင်စေ့ ဝတ်တာ ဘာ ဖြစ်နေလို့လဲ။

``မေမေ´´

``ဟင်...သား´´

အတိတ်နှင့် ပစ္စုပ္ပန်မှာ ကူးခတ်ရင်း စိတ်တို့က ငြိမ်သက်ထိုင်းမှိုင်းနေဆဲ လက်ဖျားကို လာဆွဲလှုပ်လိုက်သည့် သားလေးကြောင့် လှုပ်လှုပ်ရှားရှား ဖြစ်သွားခဲ့၏ ။

``မေမေ လာလေ၊ သားသားကို ရေပက်ခံသွားကြမယ်´´

``ဟင်... ရေပက်ခံ....´´

``အင်း...´´

သားလေးက ရှိုးဘောင်းဘီရှည်နှင့် စပို့ရှပ်အဖြူလေးပေါ်မှာ ရေကာဂျက်ကက်လေး ဝတ်ထားသည်။ ကြည့်လိုက်တော့ နောက်မှာ အေးမာက ရယ်လျက်ပါလာကာ...

``မမ ရေပက်ခံထွက်မှာ ဆို´´

``ဟင့်အင်း...´´

``ထင်သားပဲ´´

ဟုပြောပြီး အေးမာက သားကို ချစ်စနိုး မဲ့ရွဲ့ကြည့်၏ ။

``ပြောတော့ဖြင့် မေမေရယ် သားသားရယ် အတူတူသွားမှာ ဆို၊ ညကတည်းက ဒီအင်္ကျီ မေမေ ရွေးပေးထားတာဆို´´

``အေးမာရယ် တော် တော့၊ ကလေး စိတ်မကောင်းအောင်´´

သို ့က သားဘေးမှာ ထိုင်ချလိုက်ပြီး ပခုံးလေးနှစ် ဖက်ကို ဖျစ်ကိုင်၍ ...

``ဟုတ်တယ်၊ ညက သားသားဝတ်ဖို့ မမပဲ ရွေးပေးထားတာ၊ ဒါပေမယ့် သူ့အဖေနဲ့ ထည့်လိုက်ဖို့လေ´´

``ဩော်´´

အေးမာ မျက်လုံးလေးပင့်လျက် နောက်ကို ချက်ချင်း ဆုတ်သွား၏ ။ သားကလေး `အလင်းသို´၏ မျက်နှာလေး ကတော့ သိသာစွာ ပြောင်လဲသွားခဲ့ပြီ။

``သားသားက ဖေဖေနဲ့ သွားရမယ်´´

``အင်းလေ သားရဲ့ ၊ မေမေက ရေအရမ်းကြောက်တာ၊ တော် ကြာ သားသားရဲ့ အဖေ သွားမှာ ´´

``ဖေဖေက သားသားကို ခေါ်မှာ လဲ မဟုတ်ဘဲနဲ့´´

``ဩော်.. မေမေ ပြောပေးမှာ ပေါ့၊ လာ မေမေတို့ ဘရိတ်ဖတ်စ် ပြင်ရအောင်၊ ရေပက်ခံထွက်မှာ ဆိုတော့ သားသားလဲ ဗိုက်ဝအောင် စားထားရမှာ ´´

အလင်း ၏ မျက်နှာလေးက ဘဝင်ကျပုံမရှိပါ။ ထမင်းစားပွဲမှာ ထိုင်၍ သို စားစရာပြင်ဆင်နေတာကို စူပုပ်ပုပ်လေး ထိုင်ကြည့်နေ၏ ။

``မေမေ´´

``ရှင်´´

``ဖေဖေက မေမေနဲ့သားသားကို မခေါ်ဘဲ ဟိုအန်တီတွေ နဲ့ သွားမှာ ´´

``သားသားရယ် မေမေကမှ ရေပက်ခံမလိုက်ရဲတဲ့ဟာ၊ အဲဒီ တော့ သူ့မိတ်ဆွေတွေ နဲ့ သွားမှာ ပေါ့´´

``သားသားက မေမေနဲ့ ဖေဖေနဲ့ သွားချင်တာ´´

ဘူးထဲက ကိတ်ချပ်တွေ ကို ပန်းကန်လေးထဲမှာ လှလှပပထည့်နေရင်း သို ဘယ်လိုဆက် ပြောရမှန်း မသိဘဲ ဖြစ်သွား၏ ။ ကြည့်လိုက်တော့ အလင်း က မျက်ခုံးလေးနှစ်ဖက်ကို စုကုပ်ထားကာ မှော် ထားဆဲရှိသည့် အချိုပန်းကန်လုံးကို အမိပ္ပါယ်မဲ့ စိုက်ကြည့်နေ၏ ။

လေးနှစ် ပဲရှိသေးပေမယ့် အလင်း က လူလည်လေး ဖြစ်သည်။ ဖအေ ဖြစ်တဲ့သူက မကြင်နာသော်လည်း ပြောရဲဆိုရဲရှိတာ၊ ပါးနပ်မှု ရှိတာကအစ ဖအေနဲ့ တစ်ထပ်တည်း။

ထို့ပြင် လေးထောင့်ဆန်ဆန် မဟာနဖူးကျယ်နှင့် မေးဖျားလေးချွန်နေတာလည်း ဖအေလိုပဲ ဖြစ်ရာ ကလေးဆိုတော့ ပို၍ ချစ်စရာကောင်း၏ ။ မြင်တဲ့သူတိုင်းက အလင်း ကို ချစ်သည်။

``ဒီကောင်ရုပ် ကတော့ စံပဲကွာ၊ ကြီးလာရင် ဖအေထက် ပိုမယ်ထင်တယ်´´

ဆိုတာမျိုး....။

``ချစ်စရာကောင်းလိုက်တာနော် မျက်နှာလေးက သန့်နေတာပဲ´´ဟု ပြော၍ မေးဖျားလေးကို မချင့်မရဲ ဖျစ်ကိုင်ကြတာတွေ .....။

အလင်း ကတော့ ဘယ်သူ့ကိုမှ မချစ်တဲ့ကလေး ဖြစ်သည်။ မျက်နှာလေးကိုက ပြုံး နေတာမဟုတ်ဘဲ မှုန်ကုပ်ကုပ် ခပ်တည်တည်လေး။

အသန့်အပြန့်လည်း အလွန်ကြိုက်သည်။ ထူးဆန်းသည်က သူ့ကို ချစ်ကြသူအားလုံးအပေါ်မှာ မလိုလားစွာ ရှိတတ်ပြီး မသက်ဆိုင်သည့် တစ်စုံ တစ်ယောက် အပေါ်မှာ ကျတော့ စိတ်ဝင်စားနေတတ်ပြန်သည်။ ဥပမာ....

``မေမေနဲ့ မနက်တုန်းက ဈေးမှာ စကားပြောနေတဲ့ ဘွားဘွားကြီးက အင်္ကျီတွေ ဘာ ဖြစ်လို့ ညစ်ပတ်နေတာလဲဟင်´´ဆိုတာမျိုး၊ ဘာမှ မဟုတ်သည့်ကိစ္စတစ်ခုကို မနက်ကနေ ညအိပ်ယာဝင်ခါနီး မှ သတိတရ ထမေးတတ်ခြင်းပင်။ ခုလည်း ဖအေနဲ့ ရေပက်ခံလိုက်ရပဲ့မလားလို့ စိတ်ပူနေတာလား၊ ဒါမှမဟုတ် သူ့အဖေနှင့် အပေါင်းအသင်းတစ်သိုက်အကြောင်း အတွေ းနယ်ချဲ့နေပြီလား။

``ကဲ သားသား ကိတ်မုန့်စားမှာ လား၊ ပေါင်မုန့်ထောပတ်သုတ် မလား´´

အလင်း မျက်လုံးလေးတွေ ပေါင်မုန့်နှင့် ကိတ်မုန့်ပန်းကန်များ ဆီ

ရောက်လာသည်။ သားလေးစားဖို့ လုပ်ကိုင်ပြင်ဆင်ပေးခဲ့ပြီးမှ ဖအေကို သွားနှိုးတတ်တာ သို အမြဲလုပ်နေကျဝတ္တရားတစ်ခု ဖြစ်သည်။

ဒါလည်း သားက တစ်ခါပြောဖူးသည်။

``မေမေက သားသားကိုကျတော့ အိပ်ယာထနောက်ကျရင် ကိုယ်စောင့်နတ်က မချစ်ဘူးလို့ ပြောတယ်၊ ဖေဖေ့ကျတော့ ဘာမှလဲ မပြောဘူး´´တဲ့။

``ဟေး.... စံနစ်´´

ကားသံနှင့် ခေါ်သံတွေ ဝေါခနဲက သားအမိနှစ် ယောက် စလုံးကို ထိပ်ပုတ်ခေါ်လိုက်သည်နှင့် တူသွား၏ ။

``စံနစ် ရေ မထသေးဘူးလား၊ ခုနှစ် နာရီခွဲတော့မယ်´´

``ဟေး ထွက်ခဲ့၊ သွားမယ်´´

``အော်မနေနဲ့ ဆင်းသွားလိုက်၊ နိုးမှာ မဟုတ်သေးဘူး´´

``စံနစ် ရွှေမင်းသား´´

လူတွေ မနည်းဘူးထင်သည်။ ခေါ်သံတွေ က ဗလုံးဗထွေး ဆူညံနေ၏ ။

``ရော့ သားသားကြိုက်တာ ယူစားနော်၊ အပြင်မှာ ဧည့်သည်တွေ ရောက်နေပြီ၊ မေမေ ဖေဖေ့ကို သွားနှိုးလိုက်ဦးမယ်´´

အလင်း က ခေါင်းမညိတ်ပါ။ စူပုပ်ပုပ်နှုတ်ခမ်းလေး ထော်ထွက်လာပြီး အိမ်ရှေ့ဘက်ကို လည်ပင်းလေးလိမ်ကြည့်၏ ။ သို အပြင်ကို ထွက်ခဲ့တော့ ယောက်ျားတွေ ရော၊ မိန်းမတွေ ရော ခုနှစ် ယောက် ၊ ရှစ်ယောက် ။

``မသို စံနစ် မနိုးသေးဘူးမို့လား´´

သူက စံနစ် နဲ့ အတွဲ ဆုံး အရင်းနှီးဆုံးဆိုသည့် ကိုစိုးခန့်၊ ပြီးတော့ နောက်မှာ ကြောင်ကြောင်ကျားကျားတွေ ဝတ်ထားသည့် ကိုမော် ဆိုသည့် လူလည်းပါ၏ ။ ဒီဘက်မှာ

ရွှေဝါရောင် ဝတ်စုံနှင့် ပိတောက်ပန်းတွေ စိုက်ထားသည့် ဦးထုပ်ဝိုင်းကြီးကို ဆောင်ထားသည့် ချစ်လွန်းဆွေ။

အိမ်မှာ မကြာခဏ ဝင်ထွက်ကြသူတွေ ထဲမှာ မှတ်မိနေတာ ထိုလူသုံးယောက် ပဲ ဖြစ်၏ ။ ကျန်သေးသည့် ယောက်ျား၊ မိန်းမတွေ က ဘယ်သူတွေ မှန်း မသိ၊ သိလည်း မသိချင်ပါ။

``ဟုတ်ကဲ့ ကျွန်မ သွားနှိုးပေးပါ့မယ်၊ ခဏထိုင်ကြပါဦး´´

သို အပေါ်ထပ်ကို ခပ်သုတ်သုတ်လေး တက်လာခဲ့သည်။ ပေါင်လယ်ထိ ရှည်သော ဆံပင်တွေ ကို ကျောက်ပွင့်တွေ ပါသည့် အော်တိုမစ်တစ်ကလစ်နှင့် ရိုးရိုးလေး စုသိမ်းညှပ်ထားသဖြင့် လှုပ်ရှားလိုက်တိုင်း တင်ပါးအောက်နားမှာ ဝဲနွဲ့နေ၏ ။

ထို့ပြင် အရပ်မြင့်ကာ တင်းပြည့်သည့်ကိုယ်လုံးနှင့် ဆံပင်ရှည်တွေ စည်းချထားပုံက နှ၍ နွဲ့ပြီး ယဉ်သည်။ လှေကားအတိုင်း ကပ်ငြိပါသွားသည့် သိင်္ဂါးဦးရဲ့ မျက်လုံးတွေ မှာ အရောင် လက်နေခဲ့ပြီး....

``တော် တော် ကိုငြိမ်တဲ့ အလုပဲကွာ၊ အဟိုက်တွေ အကွဲတွေ ဝတ်ပြီး ဆွဲဆောင်နေတာတွေ နဲ့ လုံးဝမတူဘူး´´

ခပ်ကြိတ်ကြိတ်ပြောပြီး တံတွေ းမြိုချ၏ ။ ကပ်လျက်ရှိသည့် ကိုမော် က ဆတ်ခနဲလှည့်ကြည့်ကာ...

``သိင်္ဂါးဦး´´

``ဘာ ဖြစ်လဲ ငါ့မျက်လုံးနဲ့ငါ´´

ကိုမော် ဘာမှမပြောရသေးခင် မျက်လုံးမလွှဲဘဲ ပိတ်ပြော၏ ။ သို ဆိုသည့် မိန်းမ တစ်ယောက် ဟာ စံနစ် ဆိုသော လူ တစ်ယောက် ၏ လက်ထဲမှာ အရုပ်တစ်ရုပ်၏ တန်ဖိုးသာသာလောက်ပဲ ရှိနေမှန်း အားလုံးက သိထားကြသော် လည်း....

``စံနစ်က မကြိုက်ဘူးနော် ဟိတ်ကောင်၊ သူ့ဘာသူ ဘောလုံးလို လိမ့်ကန်နေနေ

သူများ စောင်းကြည့်တာတောင် ကြိုက်တာမဟုတ်ဘူး´´

ဟု ကိုမော် က အမုန်းခံပြီး ကပ်ပြော၏ ။ သိဏ်းဦးက ဟက်ခနဲ ရယ်၍ ....

``ပုံတုံးတုံးမိန်းမ တစ်ယောက် ရဲ့ နေရာလိုက်တန်ဖိုးကို ဒီကောင်မသိလို့ပါ´´

ဟု ပြော ဖြစ်အောင် ပြောလိုက်သေး၏ ။ တန်ဖိုးဆိုတာ စံနစ်ခေါင်းထဲမှာ တကယ် ဘာမှမရှိခဲ့ပါ။ မိန်းမ၊ ပစ္စည်း ဘယ်အရာ ဘယ်လောက်တန်ဖိုးကြီးကြီး သူ့လက်ထဲမှာ ဖွဲဆန်ကွဲတွေ လိုပဲ ဖြစ်ခဲ့သည့်ကိုး။

``စံနစ်´´

``ဘာလဲ´´

အတွင်း းခံဆွယ်တာပါးလေးပေါ်ကနေ ဂျာကင်ထပ်ဝတ်လိုက်ရင်း စံနစ်က လှည့်ကြည့်၏ ။

``ဒီတစ်ရက်တော့ သားသားကို ခေါ်သွားလိုက်ပါ´´

``ဘာ....´´

ဆတ်ခနဲ လှည့်လာ၏ ။ ထင်ပြီးသားပါ။ မလွယ်ကူမှန်းသိပေမယ့် သားလေး စိတ်ဆင်းရဲသွားမှာ စိုးသော ကြောင့် ဖွင့်ပြောဖို့ သို အားယူသည်။ သို့သော် ....

``ဒီလောက် လူကြီးတွေ တစ်ပြုံကြီး ရေပက်ခံထွက်မယ့်ဟာကို ကလေးပေါက်စလေးကို ခေါ်သွားခိုင်းတယ် ဟုတ်လား၊ မင်း ရူးနေလား´´

``မရူးပါဘူး စံနစ်ရယ်၊ ရှင်က ဖအေပဲ၊ ကလေးကို နည်းနည်း ဂရုစိုက်ပေးပေါ့၊ သားသားက လိုက်ချင်လို့ အဝတ်အစားလဲပြီး မိုးလင်းကတည်းက စောင့်နေတာ´´

``မစိုက်နိုင်ဘူး၊ ခေါ်ဖို့လည်း စိတ်ကူးမရှိဘူး၊ ငါ့ရဲ့ လွတ်လပ်မှု တွေ ထဲမှာ အဲဒီလို ပိုးကျမှာ စိုးလို့ အစကတည်းက ပြောပြီးသား၊ မင်းက ဘာလဲ ကလေးထည့်လိုက်ပြီး မလွှာပ်တိုင် တက်တာလား´´

``မဟုတ်ပါဘူး စံနစ်ရယ်၊ ရှင်က ကိုယ့်ကိုယ်ကို လူပျိုပါလို့ ကျွန်မရှေ့မှာ ပြောနေရင်တောင် ကျွန်မက ပါးစပ်ပိတ်ပြီး ထိုင်ကြည့်နေနိုင်တယ်၊ ကလေးက လူကြီးလို တွေးခေါ်တတ်သေးတာ မဟုတ်ဘူး´´

``အဲဒါ မင်းစတဲ့ဇာတ်လမ်းပဲ၊ နိုင်အောင် ကပေါ့´´

စံနစ်က အပြင်ထွက်သွားသည်။ သို ခဏငိုင်နေပြီးမှ သူ ပစ်ချခဲ့သည့် တဘက်စောင်ကို ကောက်ယူ၍ တန်းပေါ်မှာ သေချာဖြန့်ထားလိုက်သည်။

ပြီးတော့ စားပွဲပေါ်မှာ ရှင်းလင်းပြီး အိပ်ယာသိမ်းဖို့ အလုည့်....

``ဟိတ် မင်း ဘာလုပ်နေတာလဲ´´

``ဟင်....´´

စံနစ်က အဖြူရောင် တစ်ကိုယ်လုံးလွှမ်းလျက် ရေကာမျက်မှန်ကို ကိုင်ရင်း အခန်းဝမှာ ပေါ်လာ၏ ။

``ဘာ ဖြစ်လို့လဲ´´

``ဟား ဒီမှာ ဘာမှမစားရသေးဘူး၊ အဲဒီ ထဲမှ ဘာလုပ်နေတာလဲ´´

သို စိတ်ပျက်သွားမိသည်။ စားသောက်ဖို့ကို ပြင်ဆင်ထားပြီးသားပါ။ စားပွဲမှာ ဝင်ထိုင်ပြီး ပန်းကန်လှန်၍ လက်ဖက်ရည်ထည့်သောက်ရုံပဲ ဖြစ်သည်။

စံနစ် ဟာ အိပ်ယာထခြင်းမှ အစပြုကာ အိပ်ယာဝင်ချိန်အထိ သို မပါဘဲ မပြီးအောင် နေရာတကာ တွယ်ကပ်ခိုင်းစေတတ်လွန်းသည်။ စံနစ် ဆိုသည့် နာမည် သည် သို ကို စံနစ်ကျ ခိုင်းစေဖို့အတွက်လား။

စိတ်ထဲမှာ ရှိတဲ့အတိုင်း တစ်ခါက ပြောလိုက်မိတော့ စံနစ်က ခေါင်းညိတ်ဖြေ၏
။

``ဟုတ်တယ်၊ မင်းကိုယူထားတာ အဲဒီ လို ငါ့နားမှာ ထားပြီး ငါ့အတွက်

ပြီးပြည့်စုံစေဖို့´´တဲ့။ ကိုယ် ရပ်တည်နေရသည့် အရပ်မျက်နှာကို သို နားလည်သည်။ ကိုယ့်ဘက်က အမှား အယွင်းမရှိအောင်လည်း နေခဲ့တာပါပဲ၊ ဒါပေမယ့် သားလေးနဲ့ပတ်သက်ပြီး ထင်သလိုပြောတတ်တာကိုတော့ မကြိုက်ပေ။

လက်ထဲမှာ ကိုင်ထားသမျှကို အသာပြန်ချပြီး သို ထွက်လာတော့ စံနစ် က ခါးထောက်ရပ်နေရင်း စိုက်ကြည့်၏ ။

``မင်းက ငါ ကလေးကို မခေါ်ဘူးဆိုလို့ ဖြစ်ကျန်ခဲ့တာလား´´

သို က ခေါင်းခါလိုက်ပြီး....

``မ ဖြစ်ပါဘူး၊ စားပွဲပေါ်မှာ ရှင် ဝင်ထိုင်ပြီးစားရုံပဲ၊ ဘာမှမ မလိုတော့တာ၊ ပြီးတော့ ရှင် မစားဘဲ တစ်ခါတည်းသွားတော့မလို ထင်တာ´´

``တစ်ခုမှ မခိုင်လုံဘူး´´

မေးမှဖြေမှ ကြိုက်သည်။ ပါးစပ်ပိတ်နေတော့ `မင်းက မျိုသိပ် သိမ်းဆည်းနေတာလား´တဲ့။ `ငါပဲမေး၊ ငါပဲဖြေနေတာ ငါက အရူးလား´လို့ ပခုံးကိုကိုင်၍ ဆွဲခါ တက်ခေါက်၊ သူ့ဒေါသနဲ့သူကျတော့ သမမျှတနေခဲ့သည်။

မေးရင်ဖြေရမည် ဆိုသည့်အသိနှင့် စိတ်ထဲရှိတာ တစ်ခုခုပြောလိုက်တိုင်းလည်း ဘယ်တစ်ခုခုကိုမှ စံနစ် လက်ခံသွားသည်ဆိုတာ မရှိခဲ့၊ သို ဘာပြောပြော မယုံကြည်၊ လက်မခံဖို့ ပြင်ဆင်ထားပြီးသား သူ့စကားတွေ က သူပြောတာပဲ အမှန်။

``နေပါဦး ဘာကိစ္စပဲရှိနေနေ ဘရိတ်ဖတ်စ်မစားဘဲ ငါ အိမ်က ထွက်သွားဖူးလို့လား၊ ငါ့အတွက် အမြဲတမ်း မင်း အဆင်သင့်ပြင်ဆင်ပေးခဲ့တာကကော ဘာတွေ ဆန်းနေလို့လဲ´´

``ဟုတ်ပါတယ် မဆန်းပါဘူး၊ ခုက....´´

သို မပြောချင်တော့သည့် မျက်နှာလေးနှင့် ပါးစပ်ပိတ်လိုက်ပြီးမှ စံနစ်ကို မော့ကြည့်သည်။

``သားသား မေးမြန်းနေမှာ စိုးလို့ပါ၊ ရှင်ထွက်သွားတာကို သားက တစ်ခွန်းမှမမေးဘဲ ထိုင်ကြည့်ကျန်ခဲ့မှာ ၊ ကျွန်မကိုမြင်ရင် သူ ဂျီကျတော့မှာ ´´

စံနစ် မျက်နှာတစ်မျိုး ဖြစ်သွားသည်။ ဒေါသနှင့် မဆိုင်းမဆွ ထွက်လာတတ်သည့် စကားသံလည်း ရုတ်တရက် တိတ်ကျသွား၏ ။ သားနဲ့ သူ မရင်းနှီးပါ။

စံနစ် မှာ မိန်းမရှိသည့် အ ဖြစ်ကို သူ လက်ခံနိုင်သည်။ သား တစ်ယောက် ရဲ့ အဖေဆိုတဲ့အထိ သူ မပေးဆပ်ချင်ပေ။

ထို့ကြောင့် သားနှင့် သူက အနေဝေးသည်။ မချစ်တာ မဟုတ်၊ ချစ်တယ်ဆိုသည့် ခံစားချက်မျိုးလည်း ရင်ထဲမှာ မရှိ၊ သားဆိုသည့် ယုယခြင်းဖြင့် တစ်ခါမှလည်း ပွေ့ပိုက်ယုယခဲ့ဖူးတာ မရှိ။

အလင်း ကလည်း တခြားကလေးတွေ လို အဖေ မကြင်နာတာကို ဘေးက မှု င်တွေ ရပ်ငေးပြီး တသိမ့်သိမ့် ကြေကွဲတာမျိုး မရှိဘူးထင်သည်။

သူ့နားကပ်ပြီး ချွဲနွဲ့ခဲ့တာလည်း မရှိ၊ ဘာမှလည်း မပူဆာ၊ ခေါ်လျှင်လာသည်။ မေးလျှင် ဖြေသည်။ ခိုင်းတာလုပ်ပေးတတ်ပြီးနေတော့ ဘာသိဘာသာပါပဲ၊ ဒါကြောင့် ကလေးနှင့် သူ ရင်းနှီးဖို့က ဘာအကြောင်းတရားမှ ရှိမလာခဲ့ပေ။

သို နှင့် သူ စကားပြော အဆင်မပြေ ဖြစ်ခဲ့သမျှ ဒီစကားကိုတော့ သူ လက်ခံမှ ဖြစ်မည် ။ သို က သူ ငိုင်သွားတာကို မော့ကြည့်၍ ....

``ကလေးကို ကျွန်မ ရှင်ထွက်သွားမှ ကျေနပ်အောင် တစ်ခုခု ပြောပါရစေ၊ အခု ရှင်ပဲ....´´

``ရပြီ မစားတော့ဘူး´´

စံနစ် ချာခနဲ လှည့်ထွက်သွားသည်။ ဆူညံသံတွေ အုန်းခနဲ ထ ဖြစ်ကြပြန်သည်။ တမင်တကာ ဟေးဟေးဝါးဝါးအော်၍ ကားမောင်းထွက်သွားကြတာ ဖြစ်၏ ။

သို သက်ပြင်းလေးချသည်။ အခန်းထဲက ထွက်ခဲ့မိသည့် ခြေလှမ်းတို့က

ခဲဆွဲထားသလို လေးလံနေခဲ့လေသည်။ သားလေးကို ဘယ်လိုချော့ရမလဲ။

***

# အခန်း(၂)

သင်္ကြန်အတက်နေ့ ဖြစ်သည်။

ဒီနေ့ သင်္ကြန်နောက်ဆုံးနေ့ ဖြစ်သော် လည်း ပိတောက်တွေ ကတော့ ပွင့်လို့ကောင်းတုန်း ဖြစ်သည်။ အဖူးအငုံလေးတွေ ပြွတ်သိပ်ညပ်နေဆဲ။

``တိုးတိုးရေ ဒီဘက်ကကိုင်းလေး ဒီဘက်မှာ ´´

``ချလိုက် ဦးတိုး၊ သားသား ဖမ်းမယ်´´

``အို... မချနဲ့၊ သားသား နောက်ဆုတ်နေ´´

အပင်ပေါ်ကို မော့ကြည့်ရ၊ သားကို လိုက်ဆွဲရနှင့် သို စောစောစီးစီး အလုပ်လုပ်နေ၏ ။ အပေါ်မှာ ပန်းခူးနေသည့် တိုးတိုးလည်း လက်မလည်တော့ပါ။ ဈေးရောင်းနေတာသာဆိုလျှင် တော် တော် ရောင် းကောင်းသည့် ဈေးသည် ဖြစ်နိုင်၏ ။

``ဟား ပိတောက်ပန်းတွေ လှတယ်ကွာ´´

ကြားနေကျ ဆူညံသံတွေ နှင့်အတူ ကားအနီရောင် လေးတစ်စီး ခြံထဲပြေးဝင်လာ၏ ။ သင်္ကြန်လေးရက်မှာ သုံးရက်လုံးလုံး ကားထည့်လဲလာသည်။ လူတွေ ထည့်လဲပါ၏ ။

ဒီတစ်ခါ ယောက်ျားလေးတွေ ချည်းပဲ ဖြစ်ကာ အထဲမှာ စံနစ်လည်း အဆင်သင့်စောင့်နေတာမို့ သို တစ်ချက်ပဲ လှမ်းကြည့် ဖြစ်သည်။

``မမ တော် ပြီလား´´

``အေး တော် ပြီ တိုးတိုး၊ မင်း ခြေလက်သန့်စင်ပြီးရင် ဒီပန်းတွေ လာယူ သိလား၊ မမ ဘုရားပန်းအတွက် ယူထားပြီး ကျန်တာတွေ ကို ရှေ့မဏ္ဍာပ်မှာ သွားပေးလိုက်´´

``ဟုတ်ကဲ့´´

``ကျွန်တော် တို့ကိုကော မပေးချင်ဘူးလား မသို´´

နောက်က အသံကပ်ကပ်လေးပေါ်လာသဖြင့် သို ဖျတ်ခနဲလှည့်ကြည့်သည်။ အဖြူရောင် သကြော်နိဦးထုပ်နှင့် ဂျက်ကက်အဖြူကို အကျအနဝတ်ထားသည့် လူ တစ်ယောက်က မရင်းနှီးဖူးပါဘဲ ရင်းနှီးစွာ ပြုံး ပြနေသည်။

ရေစိုထားပေမယ့် မခြွသေးသည့်ကိုယ်ကို ခြေဖျားကြွ၍ တစ်ချက်မြှောက်၏ ။

``ကျွန်တော် က စံ ရဲ့ သူငယ်ချင်းအရင်းကြီးပါ၊ `ချစ်သူ´တဲ့၊ မသို က ကျွန်တော်ကို မသိဘူးထင်တယ်၊ ဒီကိုလာတာပဲဟာ´´

သူ့ကိုသူ မိတ်ဆက်၍ အားနားပါးနာလေးတောင် ပြုံး ပြဖော်မရသည့် သို့ ကို အပြစ်တင်ချင်သလိုလို ပြောသည်။

သို က အံ့သြ၍ မျက်မှော င်ကြုတ်ကြည့်နေသည့် မျက်နှာကို ပြေပြစ်အောင် လျှော့ချသည်။

ပြုံး ပြဖို့ထိတော့ စိတ်မကူးမိပါ။

``ဟုတ်ကဲ့ ကျွန်မ မမှတ်မိလို့ပါ၊ ပန်းလိုချင်ရင် ကြိုက်သလောက် ယူသွားလို့ရပါတယ်´´

``အဟွန့် ကျေးဇူးပဲ၊ ရေလဲနည်းနည်း လောင်းပါရစေ၊ ကျွန်တော် က ရေ လုံးဝမစိုသေးတဲ့သူကို ရှာဖွေရေပက်ရတာ သိပ်ဝါသနာပါတာ´´

``အို... အဲဒါတော့ မလုပ်ပါနဲ့၊ ကျွန်မ......´´

``နည်းနည်း လေးပါ၊ တကယ် နည်းနည်း ပဲ´´

သူကိုင်ထားသည့် ဖလားက ပေါ့ပါးဟန်မို့ အထဲမှာ ရေပါမှန်း သို မသိပါ။ ရေပက်ခံရမှာ ကြောက်တတ်သည့် အကျင့်ကြောင့် `ရေ´ဆိုတာနဲ့ပဲ နောက်ကို ယောင်ယမ်းဆုတ်လိုက်မိပြီး ဖြစ်၏ ။ ချစ်သူက ရယ်ပြုံး လျက် ရှေ့တိုးလျှင်...

``ဘာလုပ်နေတာလဲကွ၊ အပြင်မှာ လန်းတာလေးတွေ သွားပက်ရအောင်´´

ရုတ်တရက် စံနစ် ရောက်လာကာ ချစ်သူ ဟန်ပြင်နေသည့် ရေဖလားကို ဆွဲယူလိုက်၏ ။

``ဟာ မင်းကလဲ…´´

ချစ်သူ မျက်နှာပျက်လျက် တစ်ခုခု ထပ်ပြောဖို့ ပါးစပ်ပြင်သည်။

``လာစမ်းပါ´´

စံနစ်က ဖလားကို နှုတ်ခမ်းကကိုင်၍ လျက်ချလိုက်တော့ သွန်ပစ်ဖို့မလိုဘဲ ရေတွေ က ဖိတ်ကျသွား၏ ။ ပြီးတော့ သူ့ပခုံးကို ဖက်လိုက်သဖြင့် ချစ်သူ ပြန်ပါသွားခဲ့သည်။

ထိုအ ဖြစ်ဟာ ရေပက်ခံထွက်ပြီး နေ့လယ် ကန်ပေါင်ပေါ်မှာ နေ့လယ်စာ စားကြတဲ့အထိ ချစ်သူ ရင်ထဲမှာ မပြီးနိုင်။

``ငါ တကယ်ကွာ စံနစ်ကို မကြည်ဘူး´´

တစ်ဖက်စားပွဲဝိုင်းမှာ ဟမ်ဘာဂါစားနေသည့် စံနစ်ကို မျက်မှောင်ကြုတ်နှင့် လှမ်းကြည့်ပြီး တစ်ကနေ ပြန်စ၏ ။

``ဘာ ဖြစ်လို့လဲ´´

``မနက်က မင်းတို့ မမြင်ဘူးလား´´

``မြင်သားပဲ´´

သံပြိုင်ပြောလိုက်သဖြင့် ချစ်သူ မျက်လုံးတွေ က သူတို့ဆီ ပြန်ရောက်လာကာ….

``အဲဒါ မင်းတို့ စဉ်းစားကြည့်၊ ရေလောင်းတာ ဘာ ဖြစ်သွားမှာ မို့လဲ´´

``သူက ဖြစ်လို့နေမှာ ပေါ့ကွ၊ မင်းကကော ဘာတွေ ထ ဖြစ်ပြီး ကားပေါ်က ခုန်ဆင်းသွားတာလဲ´´

တစ်ယောက် က မေးလိုက်မှ ချစ်သူ မျက်နှာပြန်ကြည်လင်သွား၏ ။ စိတ်ကူးထဲမှာ မနက်ကပုံရိပ်တွေ ကို မြင်ယောင်သွား၍ ဖြစ်၏ ။

ပိတောက်ခြောက်ရောင် ပေါ်မှာ ပိတောက်ခက်ပုံ အဖြူပွင့်အရိပ်လေးတွေ ပါသော ပါတိတ်ဝတ်စုံလေးနှင့် ဆံပင်ရှည်ကြီး တယမ်းယမ်းနွဲ့နေသော သို ဆိုသည့် မိန်းမ၏ အလှ…။

ချပ်ချပ်ကပ်ကပ်ဝတ်ထားသည့် ဝတ်စုံအောက်မှာ ကိုယ်လုံးက ထုဆစ်ထားသလို ထင်းနေ၏ ။

ဆံပင်ရှည်တွေ က ညိုမောင်းအုပ်ခဲနေသဖြင့် သူမ၏ အရပ်မြင့်မြင့်နှင့် ကြည့်ကောင်းသည်။ အနားကပ်ကြည့်တော မိန်းကလေးတန်မဲ့ နားသယ်စပ်မှ ဆင်းနေသည့် ဆံစတို့က ပါးမြိုင်းမွေးဆင်းသလို နားရွက်ဖျားနားထိ စိမ်းညို့ နေသေးသည်။

``အဲဒီ တစ်ယောက် တော် တော် မှည့်တာကွ၊ ဘယ်ကကြည့်ကြည့် ထင်းနေတာပဲ။ မော်ဒယ်တွေ သေအောင်ထွင်နေကြတဲ့ ဖက်ရှင်တွေ ထက် ဆွဲအားပြင်းတယ် ´´

``သေလိုက်´´

တစ်ယောက် က ဝင်ပြောပြီး စံနစ်ကို လှမ်းကြည့်သည်။ ပြီးမှ ပြန်လှည့်၍ …..

``မင်းလိုပဲ သူ့မိန်းမကို မမြင်ဘဲ နေမလား၊ အဲဒါကြောင့် လေတိုက်မခံချင်လို့ တိုက်ပိတ်သိမ်းထားတာ´´

``လုံးဝ မဟုတ်ဘူး´´

နောက်ပိုင်းမှာ သိပ်မတွဲ ဖြစ်ကြပေမယ့် ငယ်သူငယ်ချင်းတွေ မို့ စံနစ်အကြောင်းကို ချစ်သူ က အသိဆုံး။

``ဒီကောင့်အကြောင်း ငါ အသိဆုံး´´

``မင်းအကြောင်းလဲ သူကသိလို့ တားတာနေမှာ ပေါ့´´

သူငယ်ချင်းရင်းမို့ စတာမှန်းသိပေမယ့် ချစ်သူ မျက်နှာပျက်သွားသည်။

ချစ်သူ ဆိုတဲ့အတိုင်း သူက ဝိုင်းဝိုင်းလည်။

``သူလဲ လူကောင်းမို့လို့လား အာကာ၊ အိုင်တွေ့ရင် ခြေဆေးတာပဲ၊ ငါတို့အားလုံးက လူပျိုတွေ မို့ ကဲတာဘာ ဖြစ်လဲ၊ သူက မိန်းမရှိတဲ့ကောင်´´

``အဲဒါပေါ့ကွ၊ မင်းက သူ့အကြောင်းသိပါတယ်ဆိုပြီး တကယ်မှမသိဘဲ၊ သို ဘယ်လောက်ပဲလှလှ ဒီကောင် တန်ဖိုးထားရမှန်း မသိတာ၊ သူ အိမ်ထောင်သည် ဖြစ်ရခြင်းက သို တို့သားအမိကြောင့် လို့ ပုဒ်မတပ်ပြီး ထင်သလိုနေတယ်၊ သို က သူတွဲ တဲ့ ဒီဇိုင်းမျိုးလေးတွေ မဟုတ်တော့ ချောင်ထိုးတယ်၊ ဒါပေမယ့် သူ့စိတ်ကိုက ကြောချင်တာ မင်းမသိဘူးလား၊ သူ့မိန်းမကို သူများ ထိရင် ကြိုက်မလား´´

``ထိသေးလို့လားကွ၊ ဒါလေးကို တိုစရာလား´´

``မင်းကလည်း ဖျောက်ထားလိုက်စမ်းပါ၊ အချင်းချင်းတွေ ကို....´´

တစ်ယောက် က ပြောပေမယ့် တစ်ယောက် က သူ့ဘေးမှာ မျက်နှာကပ်နှိမ့်လိုက်ပြီး...

``ရှင်းရှင်းပြော၊ စုံ့ကို မကျေနပ်တာလား၊ သို့ ကို မျက်စိထဲက မထွက်တာလား´´

``မျိုးဆက်နော် သွားချွန်မနေနဲ့´´

အာကာ က ဆက်မပြောသော်လည်း စံနစ်ကို လှမ်းကြည့်လိုက်သဖြင့် သူတို့ သိသည်။ ချစ်သူ၏ ခပ်စွေစွေအကြည့်ကလည်း ထိုဆီရောက်သွားလျှင် ဒီဘက်လှည့်လာသည့် စံနစ်၏ မျက်လုံးများ နှင့် တန်းခနဲဆုံ၏ ။

ဆက်ထုံး မဟုတ်သော မညက်ညောသည့် အရာလေးတစ်ခု.....။

***

# အခန်း(၃)

``တောက်´´

တီဗွီရီမုတ်ကို ကောက်ကိုင်ပြီးမှ ဆိုဖာပေါ်မှာ ပြန်ပစ်ချကာ နေရာမှ ထရပ်လိုက်မိ၏ ။ မျက်လုံးတွေ ကိုအပင့်မှာ မြင်လိုက်ရသည့် သို့ ပုံစံကြောင့် မျက်နှာက တင်းသထက် တင်းလေသည်။

``ရေပက်ခံရမှာ ကြောက်လို့ တော် သေးတာပေါ့´´

ခါးနှစ် ဖက်ထောက်၍ မဲ့ရွဲ့ပြော၏ ။ သို့ တစ်ကိုယ်လုံးမှာ ရေစိုရွှဲနေတာက မျက်လုံးထဲမှာ ရိုင်းနေလောက်အောင် ရန်းကြွလှပနေ၏ ။

မော်ဒယ်တွေ လို ပြားကပ်ကပ် ပိန်ရှည်ရှည်မဟုတ်ဘဲ ပြည့်တင်းသွယ်လျသော ကိုယ်လုံးက ရေစိုထားတော့ စူးစိုက်ကြည့်ရဲစရာ မရှိ။

မြို့ထဲမှာ ရေပက်ခံထွက်နေကြသည့် မိန်းမလှလေးတွေ က ကိုယ်မှာ တစ်ဘက် သို့မဟုတ် အပေါ်အင်္ကျီတစ်ထည်ထည်တော့ ပါကြတာ များ သည်။ ဒီလိုပုံစံ မဟုတ်ပေ။ စံနှစ် ဆက်ခနဲ မျက်နှာလှည့်ပစ်လိုက်ပြီးမှ သူမဘက်ကို ချက်ချင်း ပြန်လှည့်မိကာ.....

``ငါ မခေါ်ခိုင်းရင် မင်း ဘယ်အချိန်ထိ နေမှာ လဲ ပြော´´

သို ခြေလှမ်းတုံ့သွားသည်။ ဒီလိုပဲ ပြောသမျှငြိမ်လိုက်ရတာ ပဲမို့ ဘာပြောပြောဆိုပြီး ရှောင်ထွက်သွားဖို့ အိမ်ထဲကို လှမ်းလိုက်တာ ဖြစ်သည်။ စံနှစ်က သွားခွင့်မပေး။

``ဝတ်ထားတဲ့ပုံစံနဲ့ မင်းပုံက လုံးဝကို မထင်ရဘူး´´

``ဘယ်လိုပြောလိုက်တာလဲ စံနစ်၊ ကျွန်မက ဘာ ဖြစ်နေလို့လဲ´´

``မဏ္ဍာပ်မှာ နေဝင်မိုးချုပ်ထိ ကဲနေတာလေ´´

``သားသားကို လိုက်ခေါ်တာ၊ ဟိုမှာ ရေဝိုင်းလောင်းကြလို့ သားကိုလဲ

ခေါ်မရတာ နဲ့..´´

``လုပ်မနေစမ်းပါနဲ့၊ ကလေးက မင်းမပါဘဲ ဘယ်မှမသွားဘူး၊ မင်း ရှေ့ကသွားလို့ ကလေး ပါတာ´´

``စံနစ် ရှင် မဟုတ်တာတွေ မပြောနဲ့´´

ဒေါ်သ ကတော့ လူတိုင်း ဖြစ်တတ်ကြသည်။ ဒါပေမယ့် သို ကတော့ မျှ သိပ်ရသည့်ဘက်က အမြဲနေရတာ ပါ။ ပြောဖို့ပြင်လိုက်သည့်စကားတွေ က သားကို တိုးတိုး ချိုခေါ်လာတာ မြင်လိုက်သည်နှင့် လည်ချောင်းဝမှာ ပဲ တစ်ဆို့ရပ်တန့်သွားခဲ့၏ ။

``သားသား လာ အင်္ကျီတွေ လဲရအောင်´´

ကလေးရှေ့မှာ သူ ထပ်ပြောလိုက်မှာ စိုးသော ကြောင့် ခပ်သုတ်သုတ် ထွက်ခဲ့မိသည်။ စံနစ်က မျက်စိတစ်ဆုံး လိုက်ကြည့်နေပြီး မျက်လုံးအောက်က ကွယ်သွားမှ ဆိုဖာမှာ ဆောင့်ခနဲ ပြန်ထိုင်သည်။

သူတို့ကား ရေပက်ခံက ပြန်ဝင်လာတော့ လမ်းထဲကမဏ္ဍာပ်မှာ သို့ ကို သူ လှမ်းမြင်လိုက်ရသဖြင့် အံ့သြသွားသည်။ ဟုတ်ရဲ့ လားဟု သေချာပြန်ကြည့်မိသည့်အထိပင်။

သေချာတော့ ဒေါ်သက ထောင်းခနဲ ဖြစ်သွား၏ ။ ဒီမိန်းမ မရှဲ့တတ်သူဆိုတာ သူ သိသည်။ မဏ္ဍာပ်ကို လာချင်၍ လာတာပဲဆိုသည့်အဖြေပဲ ထွက်ကာ အိမ်ထဲမှာ ကြာကြာနေလို့မရ၊ သူငယ်ချင်း တစ်ယောက် ပြောတာကိုလည်း သတိရမိသည်။

``လူမတတ်ပေမယ့် လက်ဖက်ထုပ်တတ်တယ်ကွ၊ အခုတော့ မင်းမိန်းမ ခပ်တုံးတုံးနဲ့ ထားခဲ့တဲ့အတိုင်း ရိုးရိုးလေးနေခဲ့ပါတယ်။ တတ်လာပြီဆိုမှ မင်း ဆရာခေါ်နေရမယ်´´

ဆိုသည့်စကား...

ဒါမျိုး ရမလား၊ စံနစ် မိန်းမယူလိုက်ရသည့် အဓိကအကြောင်းကိုက ဒုက္ခပေးချင်လို့၊ တစ်ဦးတည်းသော သားဆိုသည့် ဒုက္ခ၊ တစ်ဦးတည်းသော မြေး ဖြစ်ရခြင်း၏

ကျဉ်းကျပ်မှု အားလုံးဟာ ဒုက္ခတွေ ပဲ ဖြစ်သည်။ လူပျိုပေါက် ဆိုသည့် အရွယ်ကတည်းက သူ ရည်းစားထားတတ်ခဲ့သည်။ ဥစ္စာပေါ ရုပ်ချော ဆိုသည့် ဝိုင်းဝိုင်းလည် အရည်အချင်းတွေ အကုန် သူ့မှာ ရှိသည်။

အစက အဘိုး ဆူသေးသည်။ နောက်တော့ ပညာရေး လည်း သူ နောက်ကျခဲ့တာ မရှိသည်မို့ ဘာမှမပြောဘဲနေသည်။

ရည်းစားထားရုံတင်မဟုတ်ဘဲ ထိတာငြိတာတွေ ဖြစ်ပြီး ရှုပ်လာတော့ လူကြီးတွေ ပါ လိုက်ရ ရှင်းရတာ တွေ ဖြစ်လာ၏ ။ ဒီမှာ ပဲ အဘိုး ပြောစရာတွေ ရကုန်တာ ဖြစ်၏ ။

``မင်းမှာ သမက်ဖမ်းချင်စရာ အရည်အချင်းတွေ က ရှိနေတော့ ဖမ်းဖို့ ကြိုးစားကြမှာ ပဲ၊ လူပွေလူရှုပ် တစ်ယောက် ကို သားကောင်ဖမ်းသလိုတောင် တောခြောက်ဖမ်းဖို့ မလိုဘူး၊ လူငယ်မို့ လွတ်လပ်ချင်တာကို ငါ မပြောပါဘူး၊ ဒါပေမယ့် တွေ့ကရာမိန်းကလေး ကောက်ယူဖို့ထိတော့ ငါ ခွင့်မပြုနိုင်ဘူး၊ အဲဒီ တော့ မင်း စဉ်းစား၊ ငါ ပေးစားတဲ့မိန်းမကို ယူမလား၊ ရွက်လွှင့်ချင်သလား၊ ရုပ်ရှင်မင်းသားတွေ လုပ်ကြသလို မိဘဘိုးဘွားအမွေကို ဂရုမစိုက်ဘူးဆိုရင်တော့ ကြွ၊ ငါကလည်း အမွေဖြတ်မှာ ပဲ´´

နောက်ဆုံးမှာ အဘိုးက ဤသို့ ကြေညာ၏ ။ သူ့မှာ လည်း ထိုအချိန်က ရှင်းရခက်သည့် ပြဿနာတစ်ခု ရှိနေသည်။ သို ဆိုသော မိန်းကလေးကို ပြေးကြည့်လိုက်တော့လည်း ဆိုးဆိုး ရွားရွား မဟုတ်၊ ထို့ကြောင့် လက်ခံခဲ့သည်။ သူ့အိမ်ထောင်ရေး က ဤသို့ ရိုးစင်းစွာ စခဲ့ခြင်း ဖြစ်၏ ။

နောက်ထပ် သင်္ချာတစ်ခု ရှိသေးသည်။ သို နေထိုင်ဝတ်စားပုံအရ သူ့အတွက် ကာဗာ တစ်ခုအ ဖြစ် လိုသလို အသုံးချနိုင်သည့် အနေအထား ရှိနိုင်တာကို တွက်မိတာလည်း ပါသည်။

တွက်ခဲ့တဲ့အတိုင်းလည်း တကယ် ဖြစ်ခဲ့၏ ။ သို ဆိုသည့် မိန်းမက စကားနည်းရန်စဲ အကျင့်နှင့် အေးဆေးလွန်းသည်။ ဒီလိုပုံစံတွေ ကို သူ အပျော်မခံနိုင်ပေ။

ကိုယ်တစ်လှမ်း ထွက်လို့ နောက်ကလိုက်ထွက်တာ ကောင်းမှန်းသိသွားရင် ရှေ့လျှောက်ဆို မလွယ်တော့ပေ။

ငုတ်တုတ်ထိုင်ပြီး ဘာမှလည်း မလုပ် ဖြစ်ဘဲ သူ ထရပ်လိုက်သည်နှင့် ....

``ဖေဖေ ဖုန်းလာနေတယ်´´

အလင်း က ဖုန်းကိုင်လျက် ပြေးထွက်လာသည်။ ဖုန်းကို လှမ်းယူရင်း စံနစ်က အလင်း လက်ကလေးကိုပါ ဆုပ်ကိုင်ထားလိုက်ကာ...

``မင်းမေမေ ဘာလုပ်နေလဲ´´

``ထမင်းပွဲ ပြင်နေတယ်´´

အလင်း က ဖြေပြီး သူ့ကို မော့ကြည့်၏ ။ ဘာမှမပြောတော့မှ လက်ကလေးကို လိမ်၍ ရုန်းကာ ပြန်ပြေးသွားသည်။ ဖုန်းနားထောင်လိုက်ရင်း စံနစ် မျက်လုံးတွေ က ကလေးဆီမှာ ...

``ဟဲလို နှင်းဆီ ပြော´´

``ကို ဘာလုပ်သွားတာလဲ၊ အတက်နေ့ မလည်တော့ဘူးဆိုပြီး...´´

``မင်းလဲ လည်တာပဲ မဟုတ်လား´´

``နှင်းဆီက မိန်းကလေးတွေ နဲ့ လည်တာ´´

``ကိုယ်မှ မမြင်ရတာ ´´

``ကို မရှိနဲ့ကွာ၊ နှင်းဆီ တကယ်ပဲခံစားရတယ် သိလား၊ အဲဒီ တစ်ယောက် နဲ့ ကို့ကိုတွေ တာ နှစ် ခါရှိပြီ´´

``လူမမြင်ကွယ်ရာမှာ မှ မဟုတ်တာ ပြဿ နာမရှာစမ်းပါနဲ့၊ ညကျမှ ကိုယ် ပြန်ခေါ်မယ်၊ ခု ထမင်းစားတော့မလို့၊ အိုခေနော်´´

ဖုန်းပိတ်ပစ်လိုက်ပြီး ဆိုဖာပေါ်မှာ ဒီတိုင်းထားခဲ့လိုက်သည်။ ထပ်ခေါ်ဦးမှာ

ပဲဆိုတာကို သိလို့ ဖြစ်သည်။ လိုအပ်လျှင် သတိရပေမယ့် ဖုန်းတကိုင်ကိုင်နှင့် သူ မနေတတ်ပေ။ အပြင်သွားတိုင်းလည်း ဖုန်း ပါမသွားတာက များ သည်။

အိမ်မှာ နေတော့လည်း ဖုန်းက တခြား လူကတခြား၊ ထို့ကြောင့် သို မသိသော ပြဿ နာဆိုတာ မရှိသလောက်ပဲ ဖြစ်သည်။

ဒီမိန်းမကလည်း နာမည် တွေ များ လွန်းလို့ မမှတ်မိတာလား၊ စိတ်ထဲမှာ ကို မထားတာလား အမှန်မသိရပေမယ့် ဖုန်းလာတိုင်း ကောင်းကောင်းမွန်မွန် ခေါ်ပေးတတ်တာကိုတော့ ကျေးဇူးတင်မိ၏ ။

ဒါပေမယ့် ဒီနေ့ကိစ္စတော့ မပါပေ၊ ဒီကိစ္စ မကျပ်လို့မ ဖြစ်။

***

# အခန်း(၄)

``ဘယ်မလဲ ဒီကောင်´´

ဟု မေး၍ ဆိုဖာမှာ ထိုင်မည့် ကိုယ်က မတ်တတ်လည်းမဟုတ်၊ ထိုင်လည်းမထိုင် ဖြစ်ဘဲ ပုံပန်းမကျစွာ နှင့် ခဏ ဖြစ်သွားလျက် ပြီးတော့မှ မကျေမနပ်နှင့် ထိုင်လိုက်ရခြင်းသို့ ရောက်၏ ။

``မရှိဘူး မဟုတ်လား´´

ဟု ထပ်မေးပြီး ဦးကုဋေ၏ မျက်နှာကြီး ရှုံ့မဲ့တွန့်လိမ်သွား။ မြေးလေး တစ်ယောက် ပဲ ရှိပါသည်။ ငယ်ငယ်ကတည်းက ဆိုးလိုက်တာ တာတေလန်။

ကစားတတ်တဲ့အရွယ်တုန်းကလည်း ကလေးချင်းအပေါ် လူလည်ကျတတ်လွန်းလို့ ဖျန်ဖြေရ၊ လိုက်ချော့ရနှင့် သူ့ကြောင့် ပဲ။

အရွယ်ရောက်လာတော့ ရည်းစားတွေ များ လို့....။

ရည်းစားများ တာက ချစ်ကြ၊ တွဲ ကြနဲ့ သူများ လို ပေါ့ပါးစွာ ဖြတ်သန်းသွားတာမျိုးမဟုတ်ဘဲ နှစ် ယောက် ၊ သုံးယောက် ပြိုင်တူထားတာ၊ နေချင်သလိုနေ။

သူ ဂရုမစိုက်သမျှ လိုက်ရှင်းရတာ လည်း ဦးကုဋေပဲ ဖြစ်၏ ။ ဒီမြေးကြောင့် ထားလိုက်ရတဲ့ အစောင့်အရှောက်တွေ ၊ လူယုံတွေ ဆိုတာ ရှေးခေတ် ဘုရင်တွေ လက်ထက်က အထိန်းတော် ၊ အချီတော် တွေ ပိုင်းနေသည့် မင်းသားတစ်ပါးထက်ပင် ပိုနိုင်သေးသည်။

စိတ်ရှုပ်လွန်းလို့ မရမနေ ချုပ်ကိုင်တင်းကျပ်ပြီး အိမ်ထောင်ချပေးလိုက်ပါသည်။ ခုကျမှ ပိုဆိုးနေသလား မသိ၊ မိန်းမကလည်း အေးတိအေးစက်၊ ဘာသိဘာသာ၊ ကိုယ်တော်ကလည်း ဂရုမစိုက်။

``လာစမ်းပါဦး သမီးရဲ့ ၊ အဘိုး မေးပါဦးမယ်´´

လက်ဖက်အစိကလေးနဲ့ ရေနွေးကြမ်းလာချသည့် သို့ ကို ဦးကုဋ္ဋေကပဲ ထိုင်ခိုင်းရသည်။ မဟုတ်လျှင် `သူ ပြန်လာတော့မှာ ပါ၊ အဖေ သူ့ကို စောင့်ဦးမှာ မဟုတ်လား ´ဘာညာဆိုပြီး စားသောက်စရာတွေ တစ်ခုပြီးတစ်ခု သွားလုပ်မည် ။

အပြန် ထည့်ပေးလိုက်ဖို့ ချိုင့်ကြီးချိုင့်ငယ်တွေ နှင့် ထည့်လျှိစီစဉ်ရင်း အပြင်ကို ပြန်ထွက်လာတော့မှာ မဟုတ်။ ဦးကုဋ္ဋေ က ထိုင်ခိုင်းလိုက်မှ အထဲကို လှည့်ပြီးသည့်ခြေလှမ်းကို ပြန်ရုပ်ပြီး ရှေ့မှာ ထိုင်သည်။

နောက်မှာ ကလစ်နဲ့ညှပ်ထားသည့် ဆံပင်တွေ ကို ရှေ့ကို သာသာလေး စုယူလိုက်ပြီးမှ ထိုင်သည်။ ဦးကုဋ္ဋေ က သို့ မျက်နှာလေး သူ့ထံရောက်လာမှ…

``စံနစ် ကို သမီးက ဘာမှမပြောမဆိုဘဲ ဒီတိုင်းပဲ ကြည့်နေတော့မှာ လား´´

``ရှင်´´

``ဒီကောင် အိမ်ထောင်ကျသွားတာပဲရှိတယ် ဘာအချိုးမှ ပြောင်းသွား တာ မရှိဘူး၊ ပြုပြင်တာလဲ ဘာမှမရှိဘူး၊ အပြင်မှာ မြင်လိုက်ရတိုင်း အတွဲ လိုက်ပဲ၊ ဒါပေမယ့် အဲဒီ အထဲမှာ သမီး မပါဘူး´´

သို ေးကြည့်နေပြီးမှ မျက်လွှာလေးချသည်။ ပြီးတော့ ပြုံး ၍ ပြန်မော့ကြည့်ကာ…

``သူက အဲဒါတွေ ကို သို့ နားလည်ပေးဖို့ အစကတည်းက ပြောထားတာ ဘိုးဘိုးရဲ့ ´´

``ဘာရယ်´´

``ပြီးတော့ ဟို… သို ကလည်း နေရာတကာလိုက်ကြည့်ပြီး ပြောမနေချင်လို့ပါ´´

``မပြောချင်လို့…..´´

ဦးကုဋ္ဋေ မျက်လုံးကြီးပြူး ၏ ။

``သူမကြိုက်တာကို ပြောတိုင်း တကျက်ကျက် ဖြစ်နေရမှာ ပဲလေ၊ သားသားက ရှိသေးတယ်၊ ကလေးရင်ထဲမှာ မိဘနှစ် ပါးရဲ့ မပြေလည်မှု ကို ကူးစက်ခံသွားရတာ မ ဖြစ်စေချင်လို့´´

``ဒါတော့ ဒါပေါ့ သမီးရယ်၊ နောင် ဒီထက်ပိုဆိုးလာရင် မခက်ဘူးလား၊ ဥပမာ မှာ းယွင်းငြိစွန်းပြီး သူများ နဲ့ပါသွားတော့ ပဋိပက္ခကနေ ကလေးက ဖခင်မဲ့တဲ့အ ဖြစ်မျိုး ရောက်မယ်၊ ပဋိပက္ခဆိုတာ မကောင်းပေမယ့် အဆင်သဖြင့် တော် တည်းကောင်းမွန်သွားတယ်လဲ မရှိဘူး သမီးရဲ့ ၊ လောကမှာ တည်ငြိမ်ခြင်း၊ လှုပ်ရှားခြင်းဆိုတာ ရှိတာပဲ၊ ဒီနှစ် ခုမှာ တည်ငြိမ်လွန်းတာလဲ မကောင်းဘူး၊ လှုပ်ရှားလွန်းတာလဲ မကောင်းဘူး၊ မရှိမပဋိပဒါပေါ့ သမီးရယ်၊ အလယ်အလတ်ကျကျမှ သင့်တော် တာ၊ ယောက်ျားက ငါ့ယောက်ျားပဲဆိုပြီး ထင်တိုင်းလုပ်လာရင် မိန်းမကလည်း မိန်းမလုပ်ရမှာ ပဲ၊ အိမ်ရှင်မဆိုတဲ့တာဝန်မှာ ဒီအိမ်ထောင် တိုးတက်ကြီးပွားဖို့အတွက် ကြိတ်ကုတ်စုဆောင်းပေးရုံနဲ့ မပြီးဘူးလေ၊ အဓိကက မပြိုကွဲဖို့လိုတာ၊ ခိုင်မြဲမှု ရှိခြင်းရဲ့ နောက်မှာ တိုးတက်ခြင်း၊ ချမ်းသာခြင်းတွေ ကို ထားရမှာ ပေါ့´´

``သို နားလည်ပါတယ် ဘိုးဘိုး၊ ဒါပေမယ့် သူနဲ့ သို နဲ့ကြားမှာ နားလည်မှု ၊ ရင်းနှီးမှု တွေ ဘာမှ ရှာဖွေချိန် မရှိခဲ့ဘူး၊ မရင်းနှီးဘဲ လက်ထပ်ကြတယ်၊ လက်ထပ်ပြီး မကြာသေးဘဲ သူ စက်ာပူကို ထွက်သွားတယ်၊ ပြန်ရောက်လာတာ ဘာကြာသေးလို့လဲ၊ နားလည်ကြဖို့ဆိုတာ မလွယ်ပါဘူး၊ ပိုဆိုးတာက ဒီအလုပ်မှာ သူ အလွန်ပျော်မွေ့တာ´´

``ဒီကောင် သိပ်လွန်နေပြီ´´

အားရပါးရ သင်ပေးမလို့ အပြစ်တင်စကားတွေ နဲ့ စလိုက်ပြီးကာမှ ဦးကုဋေ မှု င်ကျသွားသည်။ စကားနည်းပေမယ့် သူမရင်ထဲမှာ အသိတွေ ရှိနေတာကို သိလိုက်ရသဖြင့် ကိုယ့်မြေးအတွက် မျက်နှာငယ်သွားရခြင်း ဖြစ်သည်။

သို ဆိုသည့် မိန်းကလေးကို သာမန်အဆင့်အတန်းတစ်ခုတည်းကနေ ကိုယ့်မြေးအတွက် ထိန်းကွပ်ပဲ့ပြင်နိုင်ရုံသက်သက်နှင့် ပြီးစလွယ် ရွေးချယ်ခဲ့လိုက်တာ

မဟုတ်ပေ။

စံနစ်က တစ်ဦးတည်းသော မြေး ဖြစ်သလို သူမကလည်း တစ်ဦးတည်းသော သမီး ဖြစ်သည်။ ကိုယ်ချမ်းသာသလောက် သူမတို့လည်း ကြွယ်ဝသည်။ ပညာချင်း ယှဉ်ဦးမလား၊ စံနစ်ထက် နိမ့်ကျတာ ဘာမှမရှိ။

ဒါကို သင်းက ဘာတွေ သဘောမကျဖြစ်နေတာလဲ၊ ဘာ ဖြစ်လို့ ဒီလို ခပ်ကြောကြော ဆက်ဆံနေတာလဲ။

``အဘိုးကလည်း အဘိုးပေးစားမယ့်မိန်းမက ချောပုံချောပန်းတော့ ရှိပါတယ်၊ ရင်ခုန်ဖို့ ကတော့ မလွယ်ဘူး အဟွန်း၊ နလုံးခုန်စက်သုံးရင်တောင် လွယ်ပ့ါမလား´´တဲ့။

မိန်းမပီသစွာ နေထိုင်တတ်တာကိုက ဘယ်လိုမြင်နေသလဲ၊ ရိုးသားစွာ ဝတ်ဆင်တာကိုကော သူကတောင် ဂုဏ်ယူနိုင်သေးတာ ကဲ့ရဲ့ စရာလား။

ကိုယ်က တစ်လှမ်းထွက်လို့ နောက်က နှစ် လှမ်းထွက်မယ်ဆိုတဲ့ မိန်းမမျိုးဆိုရင် ဘယ်လိုလုပ်မလဲ၊ ရင်လေးစွာ တွေ းမိရင်း တံတွေ းမျိုချရတာ တောင် လည်ချောင်းထဲမှာ ကျပ်သိပ်နေသည်။

``ဘိုးဘိုးလာတာ အရေး ကြီးကိစ္စ ရှိလို့လားဟင်´´

သို မေးလိုက်မှ ဦးကုဋေ စိတ်က သို့ ထံပြန်ရောက်၏ ။ ညနေ မိုးချုပ်ခါနီး မှ ရောက်လာသဖြင့် မေးတာမှန်းသိသည်။ လာတာကလည်း ပြောစရာရှိလို့ပဲ ဖြစ်သည်။ ဒါပေမယ့် ဟိုပြောစရာ ဒုတိယ၊ လင်မယား အံဝင်ခွင်ကျဖြစ်ဖို့က အဓိက။

``ကိစ္စက အရေး ကြီးတယ်၊ မကြီးဘူးတော့ မဟုတ်ပါဘူးကွယ်၊ ဒါပေမယ့် ပြောမှလဲ ပြီးမှာ မို့လို့ လာခဲ့တာ၊ စံနစ်ကို ဒီတိုင်းနေခွင့်ပေးထားလို့တော့ မရဘူး၊ အဲဒါ အဓိက ´´

``ဟာ..... ဘိုးဘိုးကြီး ရောက်နေတယ်´´

အပေါ်ထပ်ကနေဆင်းလာသည့် အလင်း က လှေကားအဆုံးကို ပြေးဆင်းလာ၏

။

``ဘိုးဘိုးကြီး ဘာမုန့်ပါလဲ´´

``ပါတာပေါ့ဗျာ´´

ဦးကုဋ္ဌေ မျက်နှာကြီးက မြစ်လေးကိုမြင်တော့ ချက်ချင်း ပြုံး အီသွားလေသည်။ အလင်း ကို ပေါင်ပေါ်ဆွဲတင်ကာ ပါးကလေးနှစ် ဖက်ကို နမ်းလိုက်ပြီးမှ....

``မြေးကြိုက်တဲ့ ပီဇာ ဝယ်လာတယ်၊ မြေးရဲ့ ဂိမ်းစက် မကောင်းဘူးဆိုလို့ ဘိုးဘိုးက အသစ်ဝယ်လာသေးတယ်ကွ´´

``ဟား ပွတာပဲ´´

အလင်း က ကိုယ်ပေါ်ကနေ ပြန်ဆင်းကာ စားပွဲပေါ်မှာ တင်ထားသည့် အိတ်တွေ ကို ကိုင်သည်။

``အဲဒီ ထဲမှာ မရှိဘူး သားလေး၊ ပီဇာက ဒေါ်ဒေါ်အေးကို သိမ်းထားခိုင်းတယ်လေ၊ ဂိမ်းစက်ကို သွားမကိုင်နဲ့ဦး´´

``ဒါဆို သားသား ပီဇာသွားစားမယ်´´

``သွားစားလေ သွား´´

အလင်း က နောက်ဖေးဘက်ကို ပြန်ပြေးသွား၏ ။ ဦးကုဋ္ဌေ က မျက်စိတစ်ဆုံး လိုက်ကြည့်နေပြီးမှ.....

``ဖအေက ကလေးကိုကော ဂရုစိုက်ရဲ့ လား´´

``ကလေးနဲ့က ပြဿ နာမရှိပါဘူး´´

သို ပြန်ဖြေပုံက ဘာကိုရည်ရွယ်မှန်းမသိ၊ ဦးကုဋ္ဌေ သက်ပြင်းတစ်ခု ထပ် ဖြစ်ပြန်သည်။

``ဒီလို သမီးရဲ့ ၊ ဘိုးဘိုးတို့ရဲ့ ရုပ်ရှင်ဗီဒီယိုလုပ်ငန်းက လူလွှဲတွေ နဲ့ပဲ ထားရတာ

ဘယ်လောက်ကြာပြီလဲ၊ တိုးတက်နေတယ်ပြောလဲ ခေါင်းညိတ်ရတာ ပဲ၊ ဆုတ်ယုတ်နေပါတယ်ဆိုလဲ ကိုယ် ဘာမှ သေချာမသိနိုင်ဘူး။ ဘိုးဘိုး အားယူလိုက်ရပေမယ့် သူရှိသေးတယ်ဆိုပြီးတော့ အားကိုးခဲ့တာလေ ခုချိန်ထိ စီးပွားရေး ဆိုတာ သူ့ခေါင်းထဲမှာ မရှိဘူး´´

သို က ဘာမှဝင်မမေးဘဲ နားထောင်နေသည်။ ဒါပေမယ့်......

``လက်ဖက်လေး စားကြည့်ပါဦး ဘိုးဘိုး၊ နအိနေတာပဲ´´

လက်ဖက်အစ်လေးကို ရှေ့တိုးပေးသည်။ ဓာတ်ဘူးထဲကနေ ရေနွေးထည့်ပြီး ဦးကုဋ္ဌေရှေအထိ တရိုတသေ ပေးပြီးမှ နေရာမှာ ပြန်ထိုင်၏ ။

ဦးကုဋ္ဌေ လက်ဖက်ရည်၊ ကော်ဖီ၊ အအေး ဘာမှ မသောက်တတ်ပေ။ ဆီစိမ်ထားသည့် လက်ဖက်နပ်ကို နမ်းလေးတစ်ပွင့်နှစ် ပွင့်နှင့် ကြက်သွန်ကြော်လေးနဲ့ စားရတာ ကို နှစ်သက် သည်။

ရေအေးလုံး၀ မသောက်တတ်သော ကြောင့် ရေနွေးကို အချိန်ပြည့် ထားပေးရသည်။ ဒါတွေ ကို အိမ်မှာ တစ်ညပဲ လင်မယားနှစ် ယောက် လာအိပ်ဖူးသည့် သို က အားလုံး အလွတ်ရသွားခဲ့၏ ။

အိမ်ကို နောက်ထပ်လာသည့်အခါတိုင်းမှာ လက်ဖက်အစ်ကို ဖွင့်သည်။ မရှိလျှင် သေချာထည့်နပ်ပေးသွား၏ ။ ရေခဲသေတ္တာထဲမှာ ဖြည့်တန်တာ ဖြည့်၊ အခြောက်အခြမ်းမရှိတာကို ဖြည့်ပြီး သေချာသိမ်း၊ အားလုံး တစ်တောက်တောက်နဲ့ လျှောက်လုပ်သည်။

သို ပြန်သွားပြီဆို ပြန်ကြည့်လိုက် အိမ်ထဲမှာ အားလုံးက ပြည့်စုံလုပစွာ ကျန်ခဲ့တတ်၏ ။ ဒီကိုလာပြီဆိုလည်း အတူတူပါပဲ၊ မျက်စိရှေ့မှာ က် ရောက်လာသမျှ စားစရာဟာ စိတ်ပျက်နှာခေါင်းရှုံ့ဖွယ် ဖြစ်စရာ ဘာမှမရှိဘူး။

``ဘိုးဘိုးပြန်ရင် ဒါတွေ ယူသွားနော်၊ ကြော်ထားတာဆိုတော့ ချက်ချင်း ဘာမှမ

ဖြစ်ဘူး၊ ဒါကို အိမ်ရောက်ရင် ဘူးထဲမှာ လေလုံအောင် ထည့်ပိတ်ထားရုံပဲ၊ ကုန်သွားရင် သို ထပ်လုပ်ပေးမယ်၊ ဘိုးဘိုးက တစ်ယောက် တည်းနေတာဆိုတော့ ဘာ ဖြစ် ဖြစ် အလွယ်တကူ ရှိတာကိုပဲ စားရတာ ၊ သို့ ကို အားမနာပါနဲ့´´

သို က ဤကဲ့သို့ ကျွမ်းကျင်လိမ္မာသည့်မိန်းကလေး ဖြစ်သည်။ အိမ်မှာ ခိုင်းသည့်လူတွေ ဘယ်လောက်ရှိရှိ သူမ စီမံညွှန်ကြားသမှုမှာ ပဲ ပြီးရသည်။

သူမ ရောက်လာသည့်အခါ ပြည့်စုံသွားခဲ့ခြင်းနှင့် အိမ်ဖော်တွေ လုပ်ကိုင်ပေးသမျှက တခြားစီ၊ တစ်ဦးတည်းသော သူဌေးသမီး ဆိုသော် လည်း နေထိုင်လုပ်ကိုင်သမှုမှာ အားလုံး ထောင့်စေ့၍ အောက်သက်ကြေသည်။

ဒီလောက်ထိ တန်ဖိုးရှိနေတာတွေ စံနစ် မမြင်ဘူးလား၊ ဒီမိန်းမဟာ ခပ်တုံးတုံး ခပ်အအမို့လို့ သူ ထိုးထားသလို ပါးစပ်ပိတ် ငြိမ်သက်နေခဲ့တာ မဟုတ်ဘူးဆိုတာကော သိရဲ့ လား၊ ရင်လေးနေခဲ့တာက ရှေ့ရေး နောက်ရေး အားလုံးပဲ ဖြစ်သည်။

``သမီး ယောက်ျားကို ထိန်းဦး ပြောဦး၊ ဘာလို့ ဒီလိုကြည့်နေတာလဲ´´

စသည့် စကားတွေ ကို စုရုံးသယ်ဆောင်လာခဲ့သော် လည်း ပြောဖို့က မအောင်မြင်ခဲ့ပါ။ တည်ငြိမ်အေးချမ်းနေသည့် မျက်နှာမှာ ယောက်ျားကို မနိုင်လို့ မချိတင်ကဲ ကြည့်နေခဲ့ရသော နာကျင်ကြေကွဲခြင်း ဘာမှမရှိ။

``ဒီလောက်ထိပွေနေသလား၊ သမီး ဘာမှမသိရပါလား´ဆိုသော ဟာယာခတ် ပူဆွေးသွားတာမျိုး မမြင်။

သူမ အားလုံးကို သိနေသည်။ မသိသလိုနေခဲ့တာ ဖြစ်၏ ။ ပြောမရလို့ ကြည့်နေတာလည်း မဟုတ်၊ ပြောကို မပြောတာမျိုး၊ ဦးကုဋေ၏ လာရင်းကိစ္စလည်း ဟိုရောက်ဒီရောက်နှင့်...

``စကားကို ပြန်ဆက်ရအောင်ကွယ်´´

ဟု အားနည်းစွာ ဆို၍ ....

``ဘိုးဘိုးတို့က မိဘဘိုးဘွားအမွေနဲ့ တိုးချဲ့လုပ်ကိုင်လာကြတာမှန်ပေမယ့် ဒီ အနုပညာလုပ်ငန်း ကတော့ ဘိုးဘိုးလက်ထက်ကမှ စခဲ့တာပါ။ စီးပွားရေး လုပ်ငန်းဆိုပေမယ့် ဝါသနာက အဓိကပေါ့´´

``သူက ဝါသနာမပါခဲ့တာလား ဘိုးဘိုး၊ ရုပ်ရှင်မင်းသမီး မော်သျှမ်း နဲ့ နောင် သူ တော် တော် ရင်းနှီးခဲ့တာပဲ´´

သို မေးလိုက်တော့ ဦးကုဋေ မျက်နှာပျက်သွားသည်။ မော်သျှမ်းနဲ့ စံနစ် တော် တော် သတင်းကြီးခဲ့တာပါ။ ရင်းနှီးခဲ့တာထက် အများ ကြီးပိုသည်။ ဒါပေမယ့် အဲဒီ တစ်ယောက် မှာ ပဲ ကိုယ်တော် က မိန့်တော် မူသည်။

``ရုပ်ရှင်ရိုက်နေတာကို နေ့တိုင်းမြင်နေရတော့ ရင်ထဲ တကယ်တွေ့တောင် ပျောက်ကုန်တယ်၊ မင်းသမီးလဲ ကင်မရာရှေ့မှာ ပဲရှိတာ ကောင်းတယ်´´တဲ့။

စံနစ် တို့က မပျော်သည့်အရုပ်မျက်နှာကို ကျောခိုင်းလိုက်ပြီဆို နောက်မှာ မိုးကြု းဆယ်စင်း အပြုံလိုက်ပစ်ချတာတောင် လှည့်ကြည့်မှာ မဟုတ်သည့်လူ။

``ဟုတ်တယ်၊ ရင်းနှီးပေမယ့် လုပ်ငန်းကိုကျတော့ လုံးဝ ဝါသနာမပါဘူး၊ ဒါပေမယ့် အိမ်ထောင်ရက်သား ကျရင်တော့ ပြန်ပါလာမလားလို့ ဘိုးဘိုးက ထပ်ပြီးမျှော်လင့်ခဲ့တာ´´

``အခု ဒီကိစ္စပြောဖို့ ဘိုးဘိုး လာတာလားဟင်´´

``ဟုတ်တယ်၊ ဒါပေမယ့် ဒီရောက်တော့ မလွယ်ဘူးဆိုတာ ဘိုးဘိုး နားလည်သွားတယ်´´

ပြောပြီး ဦးကုဋေ နာရီဆီ မျက်လုံးရောက်သွား၏ ။ မိုးစုပ်စုပ်ချုပ်ပြီး ခုနစ် နာရီလည်း ထိုးပါပြီ၊ အလုပ်ပြန် ရုံးဆင်းဆိုတဲ့ လူတွေ တောင် ဒီအချိန်ဆို အိမ်ပြန်ရောက်ကြပြီ ဖြစ်သည်။

``သူ နေ့တိုင်း ဒီလိုပဲ မိုးချုပ်အောင် သွားနေသလား မြေး´´

အလုပ်အကြောင်းကနေ စံနစ် ထံသို့ ရောက်သွားပြန်သည်။ သို က ခဏ စဉ်းစားပြီးမှ…

``သူ ပြန်ချင်ပြန်လာတာပဲ ဘိုးဘိုး၊ မမှန်ဘူး´´

``ထမင်းဟင်းကော ပြန်စားရဲ့ လား´´

``ဘရိတ်ဖတ်ဒ်တော့ အိမ်မှာ စားပါတယ်´´

``တော် သေးတာပေါ့´´ဟုပြောပြီး မဲ့ရွဲ့ပစ်လိုက်ချင်ပေမယ့် ကိုယ့်မြေး ဖြစ်နေတော့ ကဲ့ရဲ့ လို့လည်း မတော်၊ ဒီကောင် ဒီလောက်ထိ ကဗျာလွတ် ဖြစ်နေသလား၊ ဦးကုဋေ စိတ်ကူးတွေ ပွေ့ပိုက်၍ လာခဲ့မိသည့် ကိုယ့်အ ဖြစ်ကိုပဲ ရင်ဘတ်ထုလိုက်ချင်မိသည်။ ဒီလောက်ထိ ဖြစ်နေတဲ့ လူအပေါ်မှာ ဒီလောက်တောင် မျှော်လင့်ခဲ့ရသလား။

``အခု လုပ်ငန်းတွေ မှာ ဘာ ဖြစ်နေလို့လဲ ဘိုးဘိုး´´

စိတ်ဝင်စားစေချင်တာက ကိုယ့်မြေးကို၊ စိတ်ဝင်တစား မေးဖော်ရတာ က မြေးချွေးမ ဖြစ်နေ၏ ။ ဦးကုဋေ မသက်မသာမျက်နှာနှင့် ခေါင်းညိတ်ကာ…

``ပြဿ နာ အကြီးအကျယ်တော့ မရှိပါဘူး၊ ဒါပေမယ့် လုပ်ငန်းရဲ့ သဘောက ဟုန်းခနဲပြုတ်ကျတာထက် တရိပ်ရိပ်ပြန်ဆင်းနေတာကို ဆုပ်ဖမ်းထားဖို့ ခက်တာမျိုး၊ အခုဆိုရင် ဗီဒီယိုလောကက ပြန်ပြီးခေါင်းထောင်လာပြီ၊ တို့ကုမ္ပဏီကျမှ ခေါင်းမထောင်နိုင်ဘူး ဖြစ်နေတာ´´

``ဘာ ဖြစ်လို့လဲဟင်´´

``အဲဒါပေါ့ကွယ်၊ ဘာဆိုတာကို ဘယ်လိုဆုပ်ဖမ်းပြရမှန်း မသိဘူး၊ ဇာတ်ကားတစ်ကားရိုက်ဖို့ ငွေထုတ်လိုက်တယ်၊ မင်းသားကြောင့် လိုလို၊ မင်းသမီးကြောင့် လိုလို၊ ရှုတင်စရိတ်က ဘယ်လိုနဲ့ ဒီအရင်းပြန်ရဖို့တောင် မနည်းကြိုးစားရသလို ဖြစ်နေတာ´´

``ငွေထုတ်လိုက်တာက ဘယ်သူ့ကို ပေးလိုက်တာလဲ ဘိုးဘိုး´´

``ဒါရိုက်တာကိုလေ၊ မင်းသားရွေးတာ၊ ဇာတ်ကားရွေးတာ၊ ကွိစိကွစတွေ ကိုယ်မှ

မလုပ်နိုင်တာ၊ ဇာတ်ကားတစ်ကားစာ တစ်ခါတည်း အပြီးချပေးလိုက်ရတာ ပေါ့´´

သို က ခေါင်းညိတ်ပြီး စဉ်းစားနေသည်။ စံနစ် နဲ့လက်ထပ်ပြီးကာမှ ဦးကုဋေ၏ အိမ်မှာ ဝင်ထွက်နေရင်းနဲ့ ဗီဒီယိုလုပ်ငန်းအကြောင်းက သိပ်တော့ မစိမ်းသက်တော့ပါ။ တစ်ခါတစ်လေကျတော့ ကြည့်ချင်လို့ကိုပဲ လိုက်ကြည့်ခဲ့ဖူးတာ ရှိသည်။

ဘိုးဘိုးဆီမှာ ကိုယ်ရှိနေတုန်း ဒါရိုက်တာတွေ ၊ ဇာတ်ညွှန်းဆရာတွေ ရောက်လာပြီး လုပ်ငန်းအကြောင်း ပြောကြတာတွေ လည်း ခဏခဏ နားထောင်ဖူး၏ ။

နောက်တစ်ခုက ဒီလုပ်ငန်းကို သို ဝါသနာပါသည်။

``ဘာလဲ မြေးက စိတ်ဝင်စားလို့လား´´

ဦးကုဋေကလည်း သို ကို အကဲခတ်ပြီး မေးလာ၏ ။

``အဟွန်း ဝါသနာစစ်စစ်ကြီးတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် စိတ်ဝင်စားတာတော့ ဟုတ်တယ်၊ ဘိုးဘိုး အခက်အခဲ ဖြစ်နေတာကိုလည်း သို ကူညီချင်တယ် ´´

``အင်း ပြောပါဦး မြေးရဲ့ ´´

``သို နည်းနည်း စူးစိုက်ပြီး လေ့လာကြည့်မယ်လေ၊ စိတ်ဝင်စားသလောက်နဲ့ လိုအပ်နေတာ အံဝင်ခွင်ကျဖြစ်တယ်ဆိုရင်တော့ သို ကူညီနိုင်မှာ ပါ´´

``အေး ကောင်းတယ်´´

ဦးကုဋေ မျက်နှာမှာ လန်းကြည်သွား၏ ။ သို့ မျက်ဝန်းလေးတွေ ထဲမှာ စေ့စပ်သေချာမှု တွေ ၊ စူးစိုက်ကြိုးပမ်းတတ်ခြင်းတွေ ကို သူ မြင်နေရသည်။ တွေ းရင်း ခေါင်းတညိတ်ညိတ် ဖြစ်ကာ...

``ဝမ်းသာလိုက်တာကွယ်၊ မြေးနဲ့ဘိုးဘိုးတို့ ဒီရက်ပိုင်းမှာ ရှုတင်နောက် လိုက်ကြတာပေါ့၊ မြေးကို ဘိုးဘိုးကိုယ်တိုင် သင်ပြမယ်´´

သို က ပြုံး ပြုံး လေးနှင့် ခေါင်းညိတ်ပြ၏ ။ တစ်ဆက်တည်းမှာ ရည်ရွယ်လိုက်သည်က လုပ်မိသည့်အလုပ်ကို ပြီးဆုံးအောင်မြင်အောင် လုပ်သွားဖို့.....။

***

# အခန်း(၅)

``သို´´

``လာပြီ´´

အိပ်ခန်းထဲကအထွက်မှာ နာရီကိုကြည့်လိုက်တော့ ည ကိုးနာရီ။

``မြန်မြန်လာဖွင့်ကွာ၊ မိုးရောလေရောပါနေတာ ချမ်းတယ်´´

အပြင်မှာ မိုးဖွဲတွေ ကျနေသံကို ကြားနေရ၏ ။ ထို့ပြင် သစ်ရွက်တို့ ခတ်သံတွေ မြည် နေတဲ့အထိ လေတိုက်နေတာလည်း မှန်သည်။ သို့သော် ချမ်းရလောက်အောင်တော့ မဟုတ်ဘူးထင်သည်။

သို သူ့ကို တစ်ချက်ပဲကြည့်မိပြီး တံခါးဖွင့်လိုက်သည်။ စံနစ် က တံခါင်းကောင်းကောင်း မဖွင့်သေးဘဲ ပခုံးတစ်ဖက်စောင်း၍ တိုးဝင်လာ၏ ။

ပြီးတော့ ခေါင်းကို လက်တစ်ဖက်နဲ့ သပ်ခါပစ်လိုက်သည်။ ရေစက်တွေ သို့ ကိုယ်ပေါ်သို့ ဖွားခနဲကျလာ၏ ။ သို ကလည်း တံခါးပိတ်ပြီး ဒီဘက်ပြန်လှည့်လိုက်တာနှင့် တိုက်ဆိုင်သွားကာ ရေစက်တွေ ကြောင့် တွန့်ခနဲ ဖြစ်သွား၏ ။

``ဆောရီး´´

ဆောရီးဆိုပြီး ဆံပင်ကို နောက်ထပ် ခါထုတ်လိုက်ပြီး မျက်နှာက မထိတထိနှင့်

....

``ရေစိုလာတာကို သိအောင်ပြတာ၊ စောင် သွားယူခဲ့´´

သို က လက်မောင်းလေးပင့် ပါးတစ်ဖက်ကို ဖိကပ်သုတ်ပစ်လိုက်ပြီး တဘက်စောင် သွားယူလေသည်။

``ဟ ဘာလုပ်တာလဲ´´

သူ့ ပခုံးပေါ် စောင်တင်ပေးလိုက်ပြီး သို လှည့်ထွက်လာတော့ စံနစ်အသံကြီး မကျေမနပ် ထွက်၏ ။ ပြီးတော့ သို့ ဘေးကို ရောက်လာကာ လက်မောင်းကို ဆွဲလှည့်၍ ....

``ဘာလုပ်ပေးရမယ်ဆိုတာ မင်း သိရဲ့ လား´´

``သားသား မအိပ်သေးဘူး၊ အိပ်ခါနီး နေမှ မျက်လုံးပြန်ကျယ်သွားရင် သိပ်ရခက်လို့´´

``အဲဒါ မင်းတွက်မိရင် ကလေးကို စောစောသိပ်ပေ့ါ၊ မင်းရဲ့ ဘေးမှာ ငါ ရှိနေရင် မင်းက ငါ့အတွက်ပဲ ဖြစ်ရမယ်၊ နောက်ကိစ္စ နောက်မှရှင်းပဲ၊ ရော့.....´´

သို့ မျက်ခုံးလေးနှစ် ဖက် ဆတ်ခနဲကျုံ့ သွားသည်။ လက်ထဲထည့်ပေးသည့်စောင်ကို ငုံ့ကြည့်လိုက်မိစဉ်....

``မမ ကလေးကို ကျွန်မ သိပ်လိုက်မယ်´´

အေးမာ က လှစ်ခနဲ ကိုယ်ယောင်ပြပြီး ချက်ချင်း ပြန်ပျောက်သွား၏ ။

သူ့အဖေ ရောက်နေပြီဆိုတာသိလျှင် သားလေး ငြိမ်သွားမှာ ပါ။

ပင့်သက်လေးရှိုက်၍ သို သူ့ကို ရေသုတ်ပေးလိုက်သည်။ စံနစ် က သို့ ရှေ့မှာ ခေါင်းထိုးပေးထားရင်း ဝတ်ထားသည့် ဂျာကင်ကို ဆွဲချွတ်၏ ။

``ကား တခြား လူ တခြား သွားနေမိလို့ မိုးစိုတာ၊ မိုးက တစိမ့်စိမ့်နဲ့ လေတိုက်တော့ အသေအေးတာ´´

သူ့ဟာသူ ပြောနေပြီး အင်္ကျီကို ဆိုဖာပေါ် နောက်ပြန်လှမ်းပစ်၏ ။

``ခြောက်အောင်သုတ်ကွာ၊ ရေကျန်တဲ့နေရာက သိသာတယ်´´

ဟုပြော၍ သို့ လက်ပေါ်ကနေထပ်ကိုင်ကာ လည်ပင်းကို နေရာရွှေ့ပေး၏ ။

``မနေ့ညက အဘိုး ဘာလာလုပ်တာလဲ´´

``ရှင့်ဆီကိုလာတာ´´

``ဘာလုပ်ဖို့လဲ´´

``ပြောစရာရှိလို့ ဖြစ်မှာ ပေါ့´´

စကားရှည်ရှည်မပြောချင်သဖြင့် သို က လုပ်စရာပြီးတာနှင့် လှည့်ထွက်လာခဲ့၏ ။ သူက နောက်ကပါလာသည်။

``မင်းကို ဘာမှပြောမသွားဘူးလား´´

``ပြောသွားပေမယ့် ရှင့်ကို ပြန်ပြောပေးပါလို့ မှာ မသွားဘူး´´

``ဟော့......´´

ရင်ထဲမှာ ယားကျိကျိဖြစ်လျက် စံနစ် က သို့ လက်ကို လှမ်းဆွဲလိုက်သည်။

``ပုံစံက မလှုပ်တလှုပ်နဲ့ ပြောလိုက်ရင် ဘာကိုရည်ရွယ်မှန်းကို မသိဘူး၊ ငါမေးနေတာ ရှင်းရှင်းလေး၊ ရှင်းရှင်းပဲဖြေ´´

ဆွဲလှည့်လိုက်သည့်အရှိန်နှင့် သူနှင့် မျက်နှာချင်းဆိုင် ဖြစ်သွားသည်။ ဒေါသကလည်း ထောင်းခနဲ ဖြစ်သွားသော ကြောင့် .....

``ရှင်းရှင်းမဖြေတတ်ဘူး၊ ရှင် သိပ်စိတ်ဝင်စားရင် ဖုန်းဆက်မေးလိုက်´´

မအော်စဖူး ပြန်အော်ပစ်လိုက်သည်။ အိပ်ချင်တာမဟုတ်ဘဲ ဟိုဘက်အစပ်မှာ သွားလှဲနေလိုက်၏ ။ အစ ကတော့ ပြောပြဖို့စိတ်ကူးရှိသေးသည်။ ဒါပေမယ့် လွန်လွန်းတာကို မခံနိုင်၊ သူ့မှာ ပဲ ဒေါသရှိသလား၊ သူပြောတာတွေ ပဲ မှန်နေသလား၊ သူ မနာခံချင်တာကျတော့ မိဘဘိုးဘွားလည်း ဂရုမစိုက်၊ သားသမီးကိုဆိုတာလည်း နားမလည်၊ ဒီမိန်းမကို ယူထားပြီး စိတ်ရှိတော့လာ၊ စိတ်မရှိတော့ ခွာ၊ ဘယ်လိုပုံစံအချိုးချိုး ဒီက ဘာပြောခဲ့တာရှိသလဲ။ အနားမှာ ကလေးရှိမှန်းမသိ၊ မရှိမှန်းမသိ အနေအထိုင် မဆင်ခြင်တာကျတော့ သို သည်းမခံနိုင်ပါ။

ဂရုမစိုက်ဘူး၊ ရင်မခုန်ဘူးဆိုပြီး အခန်းခွဲအိပ်တော့လည်း သူ `မင်းက ငါ့မိန်းမပဲ ဘာ ဖြစ်လဲ´ဆိုပြီး လူလည်ကျဖို့ဆိုရင်လည်း ဘာနဲ့မှ အကြောင်းပြ ရှောင်ထွက်လို့မရ။

``ကလေး ဘာ ဖြစ်လဲ၊ ကလေးက ခုနေ ကောက်ထမ်းပြီး မီတာနှစ် ရာလောက် ပတ်ပြေးတာတောင် နိုးမှာ မဟုတ်ဘူး၊ လုပ်မနေနဲ့ အပိုတွေ´´

သူ ဇွတ်တရွတ် အနိုင်ယူတာတွေ ကြောင့် သားလေးနဲ့ ခွဲအိပ်ခဲ့ရတာ ကိုလည်း သို့ ရင်ထဲမှာ မကျေနပ်ခဲ့ပါ။ ဒေါသတွေ မာနတွေ သူ့လိုပဲ လူတိုင်းမှာ ရှိကြတာ မသိဘူးလား၊ ထိုစဉ် သို တစောင်းလေးလှဲနေသည့် မွေ့ရာက သိမ့်ခနဲ ညွတ်ကျသွားကာ...

``ဟိတ် မင်း ဒီဘက်ကိုပြန်လှည့်၊ မေးစရာရှိတယ်´´

သို့ ပခုံးကို အတင်းဆွဲယူပြီး သူ့ဘက်လှည့် ဖြစ်အောင် လုပ်ပစ်၏ ။ ညအိပ်ယာဝင်တိုင်း ဖြန့်ချထားတတ်သည့် သို့ ဆံပင်တွေ က ဟိုဘက်ဒီဘက်အလှည့်မှာ ကိုယ်နှင့်ရစ်ပတ်ကုန်သည်။

လူက ကြိုးတုပ်ခံလိုက်ရသလို ဖြစ်သွားရုံမကဘဲ ဆံပင်တွေ နာကာ သို့ ဒေါသမှာ ရောင် စဉ်တွေ ဖြာသွား၏ ။

``ရှင် ဘယ်လိုလုပ်လိုက်တာလဲ၊ ဖယ် လွှတ်´´

စံနစ် လက်မောင်းကို လက်သီးဆုပ်နှင့် ထုပစ်လိုက်ကာ ရင်ဘတ်ကိုပါ တအားဆောင့် တွန်းပစ်လိုက်၏ ။ မထင်မှတ်လိုက်တာလား၊ နာသွားလို့ လျှော့လိုက်တာလားတော့မသိ၊ စံနစ် နောက်ကိုပတ်ခနဲ လန်ကျသွားသည်။

``တောက်´´

တက်ခေါက်သံကြောင့် သူ့ထံမှ ဒေါသတစ်ခု နောက်ထပ်ပြိုကျမလာခင် ဆံပင်တွေ လွတ်အောင် သို ကပျာကယာ ကျုံး ထလိုက်သည်။

``မင်းက ဘာအချိုး ချိုးတာလဲ သို´´

``အား.....´´

သို့ တစ်ကိုယ်လုံးသည် မတ်မတ်မထိုင်ရသေးမီးမှာ ပဲ မွေ့ရာထက်သို့ နောက်ပြန် ပစ်စလက်ခတ်လဲကျသွားကာ...

``ရှင် … ရှင်နော်.. အဲဒီ လိုနည်းနဲ့ လူကို မနှိပ်စက်နဲ့ သိလား၊ ဟင့်အင်း.. မုန်းတယ် ရှင့်ကို….´´

ရှိုင်းစိုင်းကြမ်းတမ်းသော အနမ်းများ နှင့် ဒေါသမကင်းသော ထိတွေ့ခြင်းများ က သို့ ဆံပင်တွေ ကြားထဲမှာ မျက်ရည်စက်များ စွာ ကို ခြွေချပစ်ခဲ့လေသည်။

သူ သို့ အနားကိုကပ်လာလေတိုင်း ကျခဲ့ရသော မျက်ရည်စက်တို့သည် ဟိုတစ်ချိန် မင်္ဂလာဦးညမှ အစပြုခဲ့ပြီးသည့်နောက်…..။

***

# အခန်း(၆)

``ဟိတ် ဒီမှာ ဟိတ်´´

ပခုံးကို ကိုင်လှည့်ဆွဲခါပစ်လိုက်ကာ တကယ့်အကြမ်းပတမ်း။

``ဟင်.....´´

သို လှဲအိပ်နေရာမှ လူးလဲထလိုက်သည်။ ကြည့်လိုက်တော့ စံနစ်။ လက်ထပ်ပြီးခဲ့တာ နာရီပိုင်းလေးပဲရှိသေးသည့် သို့ရဲ့ ခင်ပွန်း။ အဖြူရောင် အနောက်တိုင်းဝတ်စုံနှင့် မိတ်ကပ်ရောင် စင်းကျားပါသော လည်စင်းက ဝင်းသန့်နေသည့် သူ့ရုပ်သွင်ကို ပို၍ ရန်းကြွနေစေ၏ ။

ကိုယ်ဟန်သည် တောင့်တင်းကြံ့ခိုင်လျက် ချပ်ချပ်ရပ်ရပ်နှင့် ကြည့်ကောင်းသောလည်း ဤယောက်ျားနှင့် လက်ချင်းချိတ်ခဲ့ရစဉ်ကလည်း သို မျက်နှာပွင့်ခဲ့ရပါသည်။

``သို ရယ် နင်တို့နှစ် ယောက် က သိပ်လိုက်ဖက်တာပဲ´´

``နင့်ယောက်ျားက တကယ်မိတယ်´´

စသော အားကျသည့် ချီးမွမ်းသံတွေ လည်း လျှံနေခဲ့၏ ။ ဘယ်အချိန် မော့ကြည့်လိုက် ကြည့်လိုက် ပြုံး ရယ်နေသော ဒီမျက်နှာဟာ သို့ မျက်လုံးထဲမှာ လည်း တော်တော် ချောနေခဲ့၏ ။

သို့ လိုပဲ သူ့ရင်ထဲမှာ လည်း ဒီအိမ်ထောင်ရေး ကို လက်ခံနိုင်၍ သာ လက်ခံခဲ့တာပဲဟု ပို၍ ယုံကြည်သွားခဲ့မိသည်။ သို့သော် ....

ည ဆယ့်တစ်နာရီကျော်မှ ခပ်ယိုင်ယိုင်ပြန်ရောက်လာခဲ့သော သူ့ မျက်နှာဝင်းဝင်းက နီရဲ၍ ခပ်ချဉ်ချဉ်မဲ့ပြုံး နှင့် ဖြစ်နေကာ....

``သို ဟုတ်လား၊ အဟွန်း´´

သို့ ကိုတော့ ဆွဲယူပစ်လိုက်ပြီး သူက သို့ ခေါင်းအုံးပေါ်ထိ

တစောင်းပစ်လှဲချလိုက်သည်။ ပက်လက်ကနေ၍ သို့ တစ်ကိုလုံးကို ရှိုင်းစိုင်းစူးရဲစွာ ကြည့်၍ ....

``လှတော့ လှပါတယ်၊ ဒါပေမယ့် ဘာဆွဲဆောင်မှု မှမရှိဘူး´´

ဟု မည့်ာမတာ စိုက်ကြည့်ပြောရင် ဖားလျားပြန့်ကျနေသည့် သို့ ဆံပင်ရှည်တွေကို ခပ်မဲ့မဲ့ နှုတ်ခမ်းများ နှင့် တစ်ဖက်ကနေ ဆွဲလှဲဖွပစ်ပြန်သည်။

``လှတိုင်း ဆွဲဆောင်နိုင်တာ မဟုတ်ဘူး၊ အဲဒါ မင်း နားလည်လား´´

သို တကယ် နားမလည်ခဲ့ပါ။ သူမ၏ မင်္ဂလာဦးညဟာ မိမိ၏ ခင်ပွန်းက မိမိကို ရှမ်းနွားကြည့်သလို အကြည့်မျိုးနှင့် ကြည့်မည် ၊ ဤသို့ ပက်စက်ရင့်သီးသော စကားလုံးများ နှင့် ပစ်ပေါက်နှုတ်ဆက်လာခြင်းဖြင့် အစပြုခဲ့မည် ဟု....

``မင်း ငါ့အကြောင်း ဘာမှ မသိခဲ့ဘူးလား´´

သူ ဘာထပ်မေးမေး သို မဖြေနိုင်၊ မသိလို့မဟုတ်ဘဲ အံ့သြငေးငိုင်နေမိခြင်းဖြင့် နှုတ်ခမ်းမှာ စကားလုံးတွေ ပျောက်ဆုံးနေခြင်း ဖြစ်သည်။ စံနစ် က ဖြစ်သလိုနေရင်းကနေ ခေါင်းအုံးပေါ်သို့ ထပ်၍ တိုးတက်သည်။

လက်နှစ် ဖက်ယှက်၍ ခေါင်းအောက်မှာ ခံလိုက်ပြီး ရီဝေဝေမှေးစင်းနေသည့် မျက်ဝန်းများ နှင့် သို့ ကို စိုက်ကြည့်သည်။

``မင်းနဲ့ငါ စကားပြောခဲ့တုန်းက ငါပြောခဲ့တယ်၊ စံနစ် ဆိုတဲ့နာမည် က ငါ့ဘဝအတွက်တော့ စံနစ်တကျလွတ်လပ်ခြင်းနိမိတ်ပဲဆိုတာ....´´

သူပဲပြောပြီး ဟွန့်ခနဲမဲ့သည်။

``ငါ့ရဲ့ လွတ်လပ်ခြင်းက ဘာတွေ လဲဆိုတာ မင်း နည်းနည်း မှ မစုံစမ်းခဲ့ဘူးလား´´

ထပ်မေးပြန်သည်။ သို ကလည်း မဖြေ၊ သူကလည်း ဖြေတာကို မစောင့်ပါ။

``စိတ်တော့ မကောင်းဘူး သို၊ မင်းကို ငါ မြတ်နိုးနိုင်ဖို့ လွယ်မှမဟုတ်ဘူး´´

ဒီစကားမှာ တော့ မိန်းမ တစ်ယောက် ၏ မာနကခေါင်းထောင်လာသည်။ ရှက်ရွံ့ခြင်းကြောင့် မျက်နှာပြင်မှာ ဖျန်းခနဲ ပူနွေးသွားခဲ့ပြီး…

``ဟုတ်ပါပြီ၊ ရှင် လွတ်လွတ်လပ်လပ်နေပါ´´

သို ခေါင်းညိတ်ပြီး သူ့ရှေ့ကနေ ထွက်သွားဖို့ အိပ်ယာထက်က ဆင်းသည်။

``ဟိတ် ဘယ်ကိုလဲ´´

စံနစ် ခြေထောက်တစ်ဖက်နှင့် ဆန့်တားပြီး ဆတ်ခနဲ့ကျုံး ထသည်။

``အဲဒီ လိုတော့ သွားခွင့်မပြုနိုင်ဘူး၊ မင်္ဂလာဦးည ဆိုတာ ဘာမှန်းသိအောင်တော့ မြည် းစမ်းကြည့်ရမှာ ပေါ့´´

ပြော၍ သို့ တစ်ကိုယ်လုံးကို သိမ်းကျုံး ဖက်လိုက်၏ ။ သို ဆတ်ခနဲ တွန့်သွားမိကာ…

``ရှင်….. ရှင် အဲဒီ လိုတော့ မလုပ်ပါနဲ့၊ ရှင်နဲ့ကျွန်မ တစ်ယောက် ကို တစ်ယောက် နားလည်ကြရင်….´´

``ဘာနားလည်ရမှာ လဲ၊ မလည်ဘူး၊ မင်း ငါ့ကို လက်ထပ်ခဲ့ပြီပဲ မဟုတ်လား၊ အဟွန့်.. စံနစ်မိန်းရသွားပြီဆိုတဲ့ ဂုဏ်ထူးကြီးကို ယူလိုက်ရပြီးမှ တစ်ညလုံး ငုတ်တုတ်မေ့ရမှာ လား၊ လမ်းဆုံရောက်လာကြမှာ တော့ မင်းနဲ့ ငါ ရတာ ယူပြီး ကျေနပ်လိုက်တာပေါ့ မဟုတ်ဘူးလား´´

``ဟင့်အင်း´´

``ဘာလို့ရုန်းနေတာလဲ´´

``သို တောင်းပန်ပါတယ်၊ အဲဒီ လိုတော့….´´

``ဘယ်လို ဖြစ်ချင်လို့လဲ၊ နှစ် ပါးသွားကတာပဲ ဘယ်လိုကက နှစ် ယောက် ဆိုရင်

ပြီးတာပဲ´´

``ရှင်.... ရှင်´´

သို့ ကိုဖက်၍ သူ အတင်းဖိကပ်လှဲပစ်သည်။

အရက်နံ့တွေ နှင့် ခနိုးခနဲ့မဲ့ပြုံး တွေ စကားလုံးတွေ ကြားမှာ သို ရှိုက်ငိုသည်။ တောင်းပန် သည်။ ဘယ်လိုခေါင်းခါလို့မှ မရ။ အလွန်ခါးသီးဖွယ်ကောင်းသော ညရှိ ရှိုက်သံတွေ ထဲမှာ ဖုန်းသံက ဆူညံစွာ ထမြည် လာ၏ ။

အဝတ်အစားမလဲရသေးဘဲ အိပ်ယာပေါ်ရောက်လာသည့် စံနစ်က သို့ ကို ဖိချုပ်ထားလျက်ကနေ အိတ်ထဲကဖုန်းကို ထုတ်ကိုင်၏ ။

``ဟဲလို မွန်ဆူး ပြော´´

``.... .... ..... ....´´

``ဟား ဟား မညစ်နဲ့နော်၊ ဒါက အချစ်နဲ့မဆိုင်ဘူး´´

``.... .... ..... ....´´

``မင်းလဲ ယူလိုက်ပေါ့´´

``.... .... ..... ....´´

``အဲဒါလဲ မသိသေးဘူး၊ ခုမှ ရင်ခုန်သံတွေ ကို မေးကြည့်မလို့´´

``.... .... ..... ....´´

``သူလား ကိုယ့်ရင်ခွင်ထဲမှာ ´´

``.... .... ..... ....´´

ဖုန်းပြောရင်း ငုံ့ကြည့်သည်။ ယူကျုံး မရ ခံပြင်းခြင်းများ ဖြင့် တဆတ်ဆတ်တုန်နေသည့် သို့ နှုတ်ခမ်းလေးကို ဖျတ်ခနဲငုံ့နမ်း၏ ။

သို လွှဲရှောင်ပစ်လိုက်သည်။ သူ ဗွတ်လိုက်မလိုပ ဖြစ်ပြီးမှ သံသံ ဆူနေသဖြင့် ...

``မွန်ဆူး ဒါ ကိုယ့်ညကွာ၊ မင်း တော် တော် ရှုပ်ပါလား´´

``.... .... ..... ....´´

``အချစ်နဲ့မဆိုင်ဘူးလို့ ပြောပြီးပြီပဲ၊ ကိုယ် ဘယ်လိုလွတ်လပ်ချင်တာကို မင်းသိပါတယ်´´

``.... .... ..... ....´´

``ဒါပဲလား´´

``.... .... ..... ....´´

``နိုး... မနက်ကျမှ ဆက်မေးတော့၊ ဒီမှာ ကောင်မလေးက မလိမ္မာလို့´´

ဖုန်းကို ပိတ်ပစ်လိုက်ပြီးမှ မွေ့ရာထက်မှာ ပစ်ချသည်။ ပြီးတော့.....။

သို ဘဝပျက်ခဲ့လေသည်။

နမ်းချင်လို့ ခူးတာမဟုတ်ဘဲ ချွေပစ်ချင်တာ ဖြစ်သည်။ ရနံ့သင်းသင်းမှာ မေ့မူးပျော်ဝင်တာ မဟုတ်ဘဲ ပန်းခင်းမှန်း တောမှန်းမသိသော ဆင်ရိုင်းတစ်ကောင်လို ကြမ်းတမ်းစွာ တိုးဝင်နင်းချေပစ်ခြင်း ဖြစ်သည်။

`အချစ်နဲ့မဆိုင်ဘူး´ဆိုသည့် စကား၏ နောက်မှာ နင်းချေခံလိုက်ရသော ကိုယ့်ဘဝအတွက် သို တသိမ့်သိမ့်ကြေကွဲမနေ ဖြစ်အောင် နောက်နေ့မနက် မိုးမလင်းမီမှာ ပဲ ကြိုးစားနိုင်ခဲ့သည်။ ဘာပဲ ဖြစ် ဖြစ် သူမက လက်ထပ်ခဲ့မိပြီ ဖြစ်၏ ။

***

# အခန်း(၇)

``ဘာ... ဘာပြောတယ် ဟား....´´

သူ့နဖူးသူရိုက်ကာ ဗုန်းဗုန်းလဲကျတော့မလို ဖြစ်သွား၏ ။

``ရေရေလည်လည် ခေါင်းစားသွားပြီကွာ၊ မင်း..... မင်း ဘာလဲ သို၊ အဲဒါ ဘာစိတ်ကူးတွေ နဲ့ လုပ်ချလိုက်တာလဲ၊ မင်းနဲ့ငါ လက်ထပ်ခဲ့တာ နှစ် လကျော်ပဲရှိသေးတာ၊ ဟား...´´

စိတ်ပျက်လက်ပျက် ခါချနေသည့်လက်က တစ်ခါတည်းနဲ့ မပြီး။

`ကျွတ်ခနဲ၊ ဟာခနဲ´ထခုန်တော့မလို ညည်းညူနေသည့် မျက်နှာက အံ့ဩလောက်ပါပေ၏ ။ အိမ်ထောင်ကျပြီးလို့ ကိုယ်ဝန်ရှိခဲ့တာ သို့ မှာ အပြစ်ကြီးတစ်ခု ဖြစ်သွားသလား။

``မင်း တော် တော် အသုံးမကျပါလား၊ ဒီမှာ မိန်းမယူလိုက်ရတာ တောင် ဘယလောက်ညစ်နေသလဲ သိလား၊ မင်းက ငါ့ကို ဒီကလေးနဲ့ ချည်နှောင်ဖို့ကြိုးစားတာလား၊ ငါက ဂရုမစိုက်လို့ မထွာပ်တိုင် တက်ချင်တာလား´´

``ဘာမှမဟုတ်ဘူး၊ ရှင် ဂရုမစိုက်တာကို ဂရုစိုက်လာဖို့ ကျွန်မက တမော့မော့ မျှော်လင့်နေတာကော ရှင် မြင်လို့လား´´

``ဒါဆို ဘာ ဖြစ်လို့ ဒီကလေးကို ယူလိုက်ရတာ လဲ၊ ဘာ ဖြစ်လို့ ကြိုပြီး ကာကွယ်မထားတာလဲ´´

``ဘာမှမမေးနဲ့ စံနစ်၊ ဒီကိုယ်ကို ဘယ်လိုနည်းနဲ့လွယ်တာပဲ ဖြစ် ဖြစ် ရှင်နဲ့ပတ်သက်တဲ့ မျှော်လင့်ဖို့၊ ချည်နှောင်ဖို့ ဘာမှမပါဘူး၊ ကလေးကိုတင် မကဘူ သို ဆိုတဲ့မိန်းမကိုပါ ရှင် ဥပေက္ခာထားလိုက်၊ ဘာပြဿ နာမှ မရှိစေရဘူး´´

``ပြီးတာပဲ´´

လက်ထပ်ပြီး ခြောက်လမကြာသေးဘဲ သူက အရွဲ့တိုက်ခြင်းဖြင့် ပို၍ အပျော်ကြူး လာခဲ့သည်။ မိန်းမလှလေးတွေ ဝိုင်းဝိုင်းလည်လျက် အပြင်မှာ မျက်နှာချင်းဆိုင် ဆုံဖြစ်တာလည်း ရှိသည်။ ဖုန်းကိုင်မိလို့ သို ကိုယ်တိုင် သူ့ကိုခေါ်ပေးရတာ တွေ လည်း မနည်းမနော။

ထို့ပြင် စံနစ် လို့ခေါ်တာကိုတောင် သူက ပြဿ နာရှာခဲ့သေးသည်။

``ရှင်နဲ့ပတ်သက်တဲ့ ပတ်ဝန်းကျင်အသိုင်းအဝိုင်းရှေ့ကို ကျွန်မ ဝင်ခဲ့တာရှိလို့လား၊ ဘယ်သူ့ရှေ့မှာ မှ မဟုတ်ဘဲ ရှားရှားပါးပါး မျက်နှာချင်းဆိုင် စကားပြောမိတဲ့ တစ်ခွန်းစ၊ နှစ် ခွန်းစမှာ ဒီနာမည် ပါသွားတာ ဘာ ဖြစ်လို့လဲ´´

``ဘာ ဖြစ်ရမှာ လဲ၊ ငါက မင်းယောက်ျား´´

``ယောက်ျားပေမယ့် ရှင်နဲ့ကျွန်မ အသက်အတူတူပဲလေ´´

``မခေါ်ရဘူး´´

``ဒီတိုင်းခေါ်မှကို အဆင်ပြေမှာ ၊ ရှင့်နာမည် ကို ရှေ့က ဖြစ် ဖြစ်၊ နောက်က ဖြစ် ဖြစ် ဘယ်လိုဖဲ့ခေါ်ရမလဲ´´

``မင်း....´´

အစ်ကိုတွေ ၊ မောင်တွေ ခေါ်စေချင်လို့မဟုတ်ဘဲ ပြောဆိုတဲ့အခါ နားဝင်ချိုဖို့တော့ ဒီလိုခေါ်စေချင်သည်မှန်း သို သိပါသည်။ ဒါပေမယ့် သူလည်း ဒီလိုခေါ်လိုက်ပါလားလို့ နောက်ထပ် မပြောတော့ သို ကလည်း မပြောင်းလဲပါ။

အထူးသဖြင့် လင်မယား၊ မျက်နှာချင်းမဆိုင်တာဘဲ များ သည်။ ပြောဆိုမိတော့လည်း နာမည် ခေါ်ရမည့် အ ဖြစ်ကို သို က ရှောင်သည်။

ကိုယ်ဝန်ရှိပြီးသည့်နောက်မှစ၍ စံနစ်က အခန်းခွဲအိပ်တော့သည်။ ဒီလိုအခြေအနေတွေ ဖြစ်နေတာကို ဦးကုဋေက သေချာမသိသော် လည်း ဒေစီဝင်း ဆိုသော မိန်းကလေးတစ်ယောကြောင့် ပြဿ နာ ဖြစ်ကြတော့ အားလုံး အစပေါ်ကုန်၏ ။

အိမ်ထောင်ဦးစီး မပီသခဲ့တာတွေ ၊ အနေအထိုင် မဆင်ခြင်တာတွေ အားလုံးကို ဦးကုဋေ က ဖွင့်ချပြောပြီး ဆူသည်။ ဦးကုဋေ ကွယ်သွားတော့ ဒါတွေ ကို သို့ ကြောင့် ဖြစ်ရတာ ဟု စွပ်စွဲပြီး လင်မယား အကြီးအကျယ် ဖြစ်ကြ၏ ။

မကြာခင်မှာ ပဲ စံနှစ် စက်ာပူကို ထွက်သွားခဲ့လေသည်။ ထိုစဉ်မှာ သို ကိုယ်ဝန် ရှစ်လရှိနေပြီ ဖြစ်သည်။

``ဘာ ဖြစ်လို့ ဘိုးဘိုးက မပြောတာလဲ မြေးရယ်၊ ဒီကလေး ဒီလိုလုပ်ဖို့ ဘိုးဘိုး လုံးဝ ခွင့်ပြုမှာ မဟုတ်ဘူး၊ မြေးတို့က ဘာလဲ၊ နှစ် ဦးသဘောတူ ကွဲလိုက်ကြတာလား´´

``မဟုတ်ပါဘူး၊ အိမ်ထောင်ရေး နဲ့ပတ်သက်ပြီး ဘာမှလဲ မပြော ဖြစ်ကြပါဘူး၊ သို နဲ့ စကားများ သွားပြီး သူ နှစ် ရက်ပြန်မလာဘူး၊ နောက်နေ့မှာ အဝတ်အစား လာယူတယ်´´

``ဘာ... မြေးက ဒီတိုင်းကြည့်နေလိုက်တယ်ပေါ့´´

ဘိုးဘိုးကမေးတော့ သို မချိတရိလေး ပြုံး သည်။ ခြေသလုံးဖက် တောင်းပန်လို့ကော ရမှာ မို့လား၊ သို ကလည်း ဒီယောက်ျားမရှိလို့ သို့ ဘဝ တစ်စစီ၊ တစ်ရွှ့စီ ဖြစ်သွားတော့မယ် ဆိုရင်တောင် လိုက်ဆွဲတောင်းပန်ဖို့ လုံးဝ စိတ်မကူးတဲ့သူပါ။

တချို့က ပြောကြသည်။ `ကိုယ့်မှာ ကိုယ်ဝန်အရင့်အမာနဲ့ မိန်းကလေးဆိုတာ ယောက်ျားလေးနဲ့ မာနပြိုင်ထားရင် နစ်နာမှာ ပဲ´တဲ့။

သူရှိနေတိုင်း နေ့စဉ် ခနဲ့နေ၊ ရွဲ့နေတာ ပိုနစ်နာတယ်ဆိုတာ မသိကြလို့ပါ။ သူနှင့် သို သုံးနှစ် လောက်ကာလထိ ကွဲနေပြီးမှ သူ ပြန်ရောက်လာတော့လည်း သို ဆီကိုပဲ ပြန်လာသည်။

အစစအရာရာ လိုလေသေးမရှိ စောင့်ရှောက်ပေးခဲ့သည့် ဦးကုဋေကိုကော၊ တစ်ဖက်မှ သို့ ရဲ့ မိဘနှစ် ပါးက တစ်ယောက် က ကိုယ်တစ်ပိုင်းမသန်၊ တစ်ယောက် ကတော့ စီးပွားရေး နဲ့ လူမမာကြားမှာ လုံးထွေးနေရရှာသူ။

လူမမာ ဖြစ်သည့် မေမေ့ကို ငဲ့ရသလို ဖေဖေ့ကိုလည်း နောက်ထပ်

စိတ်မညစ်စေချင်၊ သို့ ဘက်က ငဲ့ခဲ့ရတာ တွေ အများ ကြီးပါ။ သူ ပြန်လာလို့ သို ဒီတိုင်းနေလိုက်ခဲ့တာဟာ ကွဲသွားကြသည်ဟု သတ်မှတ်ခဲ့ခြင်း မရှိသည့် ပတ်ဝန်းကျင်မှာ မထူးဆန်းပေမယ့် သို့ ရင်ထဲမှာ တော့ ဆက်ထုံးတစ်ခု ရှိခဲ့ပြီး ဖြစ်သည်။

``သားက ကိုယ်နဲ့ တော် တော် တူတာပဲ´´

အိမ်ထဲကို ဝင်လာလာချင်းမှာ သားရဲ့ ပါးစပ်တစ်ဖက်ကို ခပ်ဖွဖွလိမ်ဆွဲပြီး ရှေ့မှာ ဒူးတစ်ဖက်ချ ထိုင်သည်။ သားမျက်နှာလေးကို ပိုက်စိတ်တိုက်ကြည့်ပြီးမှာ ပြန်ထ၏ ။

``ဆောရီး၊ ခဏဆိုပြီး သွားလိုက်တာ ကြာသွားတာ၊ မင်းကို အီးမေးလ်ပို့သေးတယ်၊ ဘာ ဖြစ်လို့ မပြန်တာလဲ´´

မေးရက်တယ် ဆိုသည့်စကားကို ရင်ထဲမှာ ပဲ ပြော ဖြစ်ခဲ့သည်။ သို ဘာတစ်ခွန်းမှ မပြောခဲ့ဘဲ သူ ပြန်လာခြင်း၊ မလာခြင်းကို အသိအမှတ်မပြုစွာ နေခဲ့သည်။

သူကလည်း နောက်ထပ် ဘာမှမပြောတော့ပါ။ မိတ်ဆွေ၊ သူငယ်ချင်းတွေ အိမ်မှာ ဖိတ်ပြီး သောက်ကြ စားကြနှင့် အိမ်မှာ ရှုပ်ယှက်ခတ်သွားခဲ့သည်။

ပြီးတော့ အပြင်မှာ ပဲ သူ အိပ်၏ ။ နိုင်ငံခြားသွားပြီး စီးပွားရေး လုပ်ငန်းတွေ လေ့လာနေခဲ့သည်ဆိုတာလည်း သို့ ကို သူပြောတာမဟုတ်ဘဲ ပြောဆိုနေသံများ အရ ထူးဆန်းစွာ ကြားခဲ့ရသည်။

``အဲဒါပြောတာပေါ့၊ မိန်းမရပြီးမှ ပြောင်းလဲသွားတာ၊ ပြောရင်ဖြင့် မကြိုက်ဘူး´´

``ဒါပေါ့ကွာ၊ သူက သားနဲ့ မယားနဲ့ကောင်ပဲ´´

``ကြိုးစားတာတောင် မဟုတ်မဟတ် လှီးလွှဲပြောပြီး ထွက်သွားသေးတယ်´´

စသဖြင့် သူငယ်ချင်းတွေ က ကဲ့ရဲ့ တာလား၊ ချီးမွမ်းတာလား မသိနိုင်သော စကားတွေ နဲ့ ပြောမကုန်၊ သူကလည်း လက်ကာငြင်းဆန်၏ ။

``မင်းတို့ပြောသလို လုံးဝမဟုတ်ဘူး၊ သွားတာက စီးပွားရေး ပိုင် တကယ်မပါဘူး၊ ဟိုရောက်မှ စိတ်တွေ လေနေတာနဲ့ ဝင်ပါမိတာ၊ နိုင်ငံခြားနဲ့ ဖက်စပ်လုပ်ငန်းတွေ က

စိတ်ဝင်စားဖို့ ကောင်းတယ်ကွ၊ ငါ့မှာ လဲ ငွေရှိတယ်လေ၊ စိတ်ဝင်စားရင် လုပ်မှာ ပေါ့ မဟုတ်ဘူးလား၊ အဲဒါကြောင့် အဆင်သင့်တုန်း အားလုံးနဲ့ ချိတ်လာတာ´´

ပြောနေသံတွေ အရတော့ မိုးတစ်လုံး လေတစ်လုံးပဲ ဖြစ်သည်။ သို့ မျက်စိရှေ့မှာ တော့ ခါတိုင်းလိုပဲ သွားလာပျော်ပါးမပျက် ရှိနေသည်ပင်။ ဒီကြားထဲမှာ ယိမ်းထိုးနေအောင် မူးလာပြီဆို သို ဘယ်လိုမှ အေးဆေး နေလို့မရခဲ့ပေ။

``သို ...ဟိတ် ခေါ်နေတယ်ကွာ´´

တံခါးကိုကိုင်လှုပ်ပြီး သို ထွက်မလာမချင်း ခေါ်သည်။ သူ့ဆီမှာ သော ပါနေလျက်နှင့် သော့ကို တံခါးကြားထဲကနေ အထဲရောက်အောင် ပစ်ထည့်ပြီး သံပြဲနှင့် ခေါ်၏ ။

``ကလေးသိပ်နေတယ်၊ ရှင် ဘာ ဖြစ်နေတာလဲ´´

``မင်း ဘာလို့ ချက်ချင်း ထွက်မလာတာလဲ၊ ငါ မင်းကို ခေါ်နေတာလေ´´

``ရှင့်မှာ သော့ ရှိတာပဲ၊ ကိုယ့်ဘာသာ ဖွင့်ဝင်နေကျဝင်ပါလား´´

``မဝင်ဘူး၊ အဲဒီ သော့ ပြန်သိမ်းလိုက်တော့၊ ငါက မင်းယောက်ျား မင်းကို အနိုင်ကျင့်ခွင့်ရှိတယ်၊ ငါခိုင်းသမျှ မင်းလုပ်ရမှာ ပဲ၊ နောက်ကို ငါ ပြန်လာတိုင်း မင်း တံခါးဖွင့်ပေး´´

တံခါးဖွင့်လိုက်တော့ တစ်ကိုယ်လုံး ပစ်ကျလာကာ သို့ ကိုဆွဲဖက်ပစ်လိုက်၏ ။

``စံနစ် ရှင် ဘာ ဖြစ်နေတာလဲ၊ ဟိုမှာ အေးမာ မြင်သွားမယ်´´

``ငါ့အိမ်ထဲမှာ ငါ ဘယ်သူ့ကို ထပ်ရှောင်နေရမှာ လဲ၊ သွား ဝေးဝေးသွားနေ´´

တကယ်တော့ ကလေးကော၊ အေးမာကော အိပ်နေကြပါပြီ၊ အချိန်ကလည်း ဆယ့်တစ်နာရီထိုးနေပြီ ဖြစ်သည်။ သူ့အိပ်ခန်းထဲကို လိုက်ပို့ပေးပြီး ဖယ်ချတော့ သို့ ကိုယ်လုံးလေးကို စံနစ် က တင်းနေအောင် ဖက်ထားလျက်....

``သို… မင်း… ကို ခဏခဏ သတိရပြီး ဟိုမှာ ဝေါင်နေတယ်၊ အဲဒါ… အဲဒါ မင်း ယုံလား´´

စံနစ် မျက်ကြောစင်းလျက်နှင့် စကားသံခပ်လေးလေးက လုံးထွေးသွားလိုက်၊ ပျောက်ကွယ်သွားလိုက်။

``ဟိုမှာ လေ…. ဟိုမှာ မိန်းမတွေ အများ ကြီးပဲကွာ၊ ယောက်ျားတွေ နဲ့ နင်လားငါလား ကဲနေကြတာ… သိ… သိလား၊ နိုင်ငံပေါင်းစုံက ယဉ်ကျေးမှု ဆိုတာတွေ က ရိုင်းလိုက်တာ၊ ကိုယ်လေ မင်းလို… မင်းလို ပုံတုံးတုံးမိန်းမ တစ်ယောက် ကို တွေ့ချင်လို့ လိုက်ရှာတယ်၊ ရှာလေ ဒီရင်ဘတ်ထဲက ပူလေပဲ´´

သူ့ရင်ဘတ်ကို ပုတ်ပြတော့ သို ကလည်း ရှန်းထွက်လိုက်သဖြင့် သူ ယိုင်သွား၏ ။ သို့သော် သို့ လက်ကိုဖျတ်ခနဲ ဖမ်းဆွဲလိုက်ရင်း ပြိုကျသွားကြတော့ သူ့အိပ်ယာထဲမှာ ဖြစ်လေသည်။

``ဖယ်စမ်းပါ လွှတ်၊ စံနစ် ရှင်နဲ့ကျွန်မ ဘာမှ….´´

``မင်းကို လွမ်းတယ်´´

``မသိဘူး သွား…ဖယ်´´

``နှုတ်ခမ်းတွေ အများ ကြီးပဲ၊ အဲဒါတွေ ကို ရွံတယ်၊ ကိုယ် မင်းကို….´´

တစ်ညလုံး မူးမူးနှင့် စကားတွေ လျှောက်ပြောသည်။ သို ဘယ်လိုမှ ထသွားလို့မရအောင် ဇွတ်တရွတ် ဆွဲချုပ်ထား၏ ။

မနက်မိုးလင်းတော့ ညက သူ ဘာမှမဟုတ်ခဲ့သလိုပင်၊ ကျော်ဖြတ်ခဲ့ရသမျှ ညပေါင်းများ စွာ ထဲမှာ ဟို ဟာ ကဗျာလွတ်ကခုန်ရင်းနှင့်….။

***

# အခန်း(၈)

ညက အတိတ်ကပုံရိပ်တွေ ကိုပါ သတိရပြီး သို ညဥ့်နက်မှ အိပ်ပျော်ခဲ့သည်။ နိုးလာသည်နှင့် အပြင်ထွက်လာတော့ အေးမာက သားကို သန့်စင်ဖြီးလိမ်းပေးပြီး ထမင်းစားပွဲမှာ ပင် အကျအနထိုင်နေပြီ ဖြစ်၏ ။

ဆံပင်ဘေးခွဲ တိုတိုရှင်းရှင်းလေးကို ကရင်မ်လိမ်းပြီး နက်မှောင်ကြော့ရှင်း နေစေသော် လည်း မျက်နှာလေးက အိပ်ယာနိုးစ မှုန်အစ်အစ်ကလေးနှင့် နသစ်နေသည့်တိုင်း...

အလင်း က နှုတ်ခမ်းတင်းတင်းစေ့၍ ခါးလေးကော့နေအောင် မတ်ထား၏ ။ လှမ်းမြင်လိုက်တာနှင့် သား တစ်ခုခုကို အလိုမကျဖြစ်နေတာမှန်း သို သိလိုက်၏ ။

``သားသား ဘာ ဖြစ်လို့လဲ´´

သူမအသံကြားမှ အလင်း ဖျတ်ခနဲ လှည့်ကြည့်သည်။

``မေမေ....´´

ထိုင်နေရာမှ လျှောဆင်းပြီး သို့ ဆီကိုလာသည်။

``မေမေ ညက သားသားဆီကို ဘာ ဖြစ်လို့ ပြန်မလာတာလဲ´´

``ဟင်...ဟို.....´´

သို မျက်နှာပူသွားသည်။ သားလေး ဘယ်အချိန်ထိ စောင့်နေမလဲဟု တွေးမိပြီး စိတ်မကောင်းလည်း ဖြစ်မိ၏ ။ ခါတိုင်းဆို သားကိုသိပ်ပြီးမှ သို ဒီဘက်ကို ပြန်ကူးလာခဲ့တာ ဖြစ်သည်။ စံနစ် ဆိုသည့်လူဟာ မူးလာလျှင် ဂျီကျသည်။ စကားများ ရန် ဖြစ်ကြတော့ ရွံ့၏ ။

သူ သောင်းကျန်းပြီဆိုလျှင်လည်း သားသားကြားသွားမှာ စိုးကာ သို အမြဲ အလျှော့ပေးခဲ့ရသည်။ အလင်း က သို မဖြေနိုင်တာကို မော့ကြည့်ပြီး ဆက်မမေးတော့ပါ။

``ဖေဖေ နိုးပြီးလာ မေမေ´´

``မနိုးသေးဘူး သားသား၊ သားသား ကော်ဖီနဲ့မုန့်စားနှင့်လေ၊ မေမေ ကျွေးမယ်နော်´´

``ဟုတ်´´

ကလေးကို အရင်ကျွေးလိုက်ပြီး သို ကတော့ သူနိုးမှ စားရမည် ဖြစ်သည်။ နိုးလာတာနှင့် သူ့အတွက် အားလုံးပြင်ဆင်ပြီးမှ ကြိုက်သည်။ စားတော့ဆိုပြီး ထားပစ်ခဲ့လို့လည်း မရဘဲ အနားမှာ နေပြီ ဟိုမေးဒီမေး သူမေးတာကိုဖြေ၊ ပြောတာကို နားထောင်။

စကားအခန့်မသင့်ရင် ခွန်းကြီးခွန်းငယ်တွေ ထ ဖြစ်ကြတာရှိသေးသည်။ နောက်ကျတော့ `မင်း ငါနဲ့အတူ ဘရိတ်ဖတ်စ်စားပေါ့၊ ကလေးဆာရင် ကျွေးလိုက်´ဆိုသည့် အမိန့်ထုတ်၏ ။ သို လိုက်နာခဲ့ရပြန်သည်။

ထို့ကြောင့် သူ နိုးနေပြီဆိုလျှင် ဒီမှာ အချိန်ဆွဲပြင်ဆင်ရင်း စောင့်သည်။ မနိုးသေးဘူးဆိုရင် သားကိုကျွေးထားပြီး ဒီတိုင်းနေရ၏ ။ ဒါတောင် ထေ့သလို ငေါ့သလိုနှင့် ပြောသေးသည်၊

``မင်း မိန်းမပီသတာတွေ ထဲမှာ ယောက်ျား အိပ်ပျော်နေတာကို အချိန်အခါနဲ့ ဝင်နှိုးပေးဖို့ကျတော့ မပါဘူးလား´´တဲ့။

ရင်ထဲမှာ တော့ မဲ့ပစ်လိုက်မိသည်။ ဒီမိန်းမ ဘာ ဖြစ်လို့ နေရာတကာ အလျှော့ပေးနေခဲ့သလဲဆိုတာ ရှင်က သေသေချာချာ တွေးမကြည့်ဘူး ထင်တယ်။

ချိုတာ၊ ခါးတာ၊ ပေါ့တာ၊ လေးတာကို တိရစ္ဆာန်တောင် သိသေးတာပဲ စံနစ်ရယ်၊ ရှင်ပေးသမျှ သိမ်းကျုံး ပွေ့ပိုက်ထားခဲ့ပေမယ့် ပန်းပွင့်တွေ လား ကျောက်ခဲသလဲတွေ လား ဆိုတာလောက်တော့ ကျွန်မ သိတယ်။

သို နဲ့သူဟာ အကြီးအကျယ် စိတ်ဆိုးအချင်းများ ခြင်း မ ဖြစ်ခဲ့သလို ကျေနပ်ကျေလည်ခဲ့ဖူးတာလည်း မရှိပေ။ သာကို ပူတင်းနဲ့ကော်ဖီ ကျွေးနေရင်း အတွေ

းလွန်သွားစဉ်မှာ ဖုန်းသံက နှောင့်ယှက်ပစ်လိုက်၏ ။

``မမ ဘဘဒေဆီက ဖုန်း´´

``ဟင် လာပြီ´´

ကိုင်ထားသည့် ဇွန်းကလေးကို အသာချခဲ့ပြီး သို ဖုန်းကိုင်လိုက်သည်။ ဦးကုဋေ ဆီကခေါ်ခြင်း ဖြစ်သည်။

``အေးမာရေ သားသားကို ဘရိတ်ဖတ်စ် ကျွေးပြီးရင် ခြံထဲ ခဏဆင်းပါစေ သိလား၊ ဒီနေ့ ကျောင်းပိတ်တော့ သား ဆော့ပါစေ´´

``မေမေက ဘယ်သွားမလို့လဲ´´

``ဘိုးဘိုးကြီးခေါ်လို့ သားရဲ့ ၊ ခဏပဲနော်၊ တကယ်လို့ ကြာမယ်ဆိုရင် မေမေ သားသားကို ခေါ်ခိုင်းလိုက်မယ်´´

``မေမေ မြန်မြန် ပြန်လာနော်´´

``အင်းပါ သားသားရယ်´´

``မလာရင် တကယ်လာခေါ်´´

``ခေါ်မှာ ပေါ့ သားရယ်၊ အလုပ်ကိစ္စ အရေး ကြီးလို့ပါ´´

သို အခန်းထဲပြန်ဝင်ကာ လက်ကိုင်အိတ်လေးပဲ ယူပြီး ပြန်ထွက်ခဲ့သည်။ သို ထွက်သွားပြီး မကြာခင်မှာ ပဲ စံနစ် နိုးလာ၏ ။ သွားတိုက်ဆေးပုံထားသည့် သွားပွတ်တံကို ကိုင်လျက် ထွက်လာကာ...

``သို ဘာလုပ်နေသလဲ´´

``ရှင်....အယ်.. အစ်ကိုလေး´´

စံနစ် နိုးလာတာမြင်သည်နှင့် အေးမာ ပျာပျာသလဲ ဖြစ်သွား၏ ။

``ဟို… မမကို ဘိုးဘိုးကြီး ဖုန်းဆက်ခေါ်လို့ ခုနကမှ ထွက်သွားတာ´´

စံနစ် မျက်ခုံးနှစ် ဖက် တွန့်ကျသွား၏ ။ စိတ်ထဲမှာ မကျေနပ်ခြင်းက သိသာစွာ ဖြစ်လျက် သွားတိုက်ခြင်း၊ မျက်နှာသစ်ခြင်း ခါတိုင်းထက်ပို၍ မြန်ဆန်စွာ ပြီးသွားခဲ့သည်။

ခုတင်ခြေရင်းမှာ သူ့အတွက် ဘောင်းဘီနှင့် အင်္ကျီတစ်စုံက အသင့်ချထားပြီးသား ရှိနေသည်။ သို ရှိနေလျှင် သူ လှမ်းခေါ်ပြီး အဲဒီ မှာ ချထားပေးပြီးသားကိုပဲ သို ပြန်ကောက်ယူပြီး သူ့လက်ထဲထည့်အောင် ခိုင်းသည်။ ပြီးတော့ အင်္ကျီကိုစွတ်ချလိုက်ပြီး ဘီးကို လက်ကလှမ်းဆွဲလိုက်ကာ အရေး ကြီးသလိုလို လက်မအားသလိုလိုနှင့် အင်္ကျီကြယ်သီး တပ်ခိုင်တာမျိုး…..။

ခုကျတော့ အင်္ကျီဝတ်ရတာ လည်း အဆင်မပြေ၊ ဘီးဖြီးတော့လည်း ဒေါသ ဖြစ် ဖြစ်နှင့် စိတ်မရှည်ချင်။ ဘာကိစ္စမို့လို့ ဒီလောက်စောစောစီးစီး ထွက်သွားရတာ လဲ၊ သူ ယောက်ျားလေးတောင်မှ မနက်စာမစားဘဲ အိမ်ကခွာတာ မဟုတ်။

စိတ်တိုခြင်းက အဘိုးကိုလား၊ သို့ ကိုလားမသိ။ ဘောင်းဘီအညိုနှင့် ရှပ်လက်တိုအဝါရောင် ကို ဝတ်ပြီး ကားသော့ ရှိနေရာကိုပဲ တန်းထွက်ခဲ့၏ ။

``အစ်ကိုလေး မမ ဒီမှာ အားလုံး ပြင်ဆင်ထားခဲ့ပါတယ်´´

``နေပါစေတော့´´

သူ ဒါပဲပြောကာ ကားသော့ ကိုဖြုတ်ယူပြီး ရှေ့ကို ခြေလှမ်းခဲ့စဉ်…

``ဖေဖေ´´

စံနစ် ခြေလှမ်းတုံ့သွား၏ ။ ပြန်လှည့်ကြည့်လိုက်တော့ အဝါရောင် စပို့ရှပ် ဘောင်းဘီတိုလေးနှင့် အလင်း က လှေကားရင်းကနေ ရပ်ကြည့်နေလျက်…

``သားသားကို ဂိမ်းစက် တပ်ပေးခဲ့ပါ၊ အပျက်ကြီးကို သားသား မဖြုတ်တတ်လို့´´

စံနစ်က ကားသော့ ကို ဆုပ်ကိုင်ထားလိုက်ပြီး နောက်ပြန်လှည့်လာ၏ ။ ပြီးတော့ အလင်း ရှေ့မှာ ရပ်လိုက်၍ ခွေ့ခနဲ ပွေ့ချီလိုက်၏ ။

``ဒီနေ့ ကျောင်းပိတ်တယ် မဟုတ်လား´´

``ဟုတ်´´

``အိမ်မှာ တစ်ယောက် တည်း ဂိမ်းဆော့ရတာ ပျင်းစရာကြီးကွ၊ အပြင်မှာ ဖေဖေနဲ့ သွားဆော့မယ်၊ ဘယ်လိုလဲ´´

``ဖေဖေ တကယ်ခေါ်မှာ လား´´

``ခေါ်မလို့ မေးတာပေါ့´´

အလင်း မျက်နှာလေး ဝင်းထိန်သွားသည်။ စံနစ်၏ လည်ပင်းကို ကျုံး ဖက်၍ ရွှင်မြူး ပါသွားသော အလင်း ကို တအံ့တသြငေးနေရင်း အေးမာ ဝမ်းသာအားရ ရယ်မိလေသည်။

အစ်ကိုလေးဟာ မမကွယ်ရာမှာ ဆို ကလေးကို သိပ်တော့မစိမ်းပါ၊ မမရှေ့မှာ တော့ တစ်ချက်ကလေးမှ စောင်းကြည့်ဖော်မရ။

မမကလည်း ဘာ ဖြစ် ဖြစ် အေးအေးဆေးဆေး နှုတ်ဆိတ်နေတတ်ပေမယ့် အစ်ကိုလေး ဂရုမစိုက်လို့ ကြေကွဲခံစားနေရတာ မျိုးလည်း မမြင်ဖူးခဲ့ပါ။

ဒီလိုလင်မယားမျိုး အေးမာ မတွေ့ဖူးခဲ့တာတော့ သေချာ၏ ။

***